ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 16 December 2016 (၈၇၇၇)

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဂုဏ်လူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသော ပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါဠိဝ(ဓမ္မပဒ-၁၂၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်မှုဆိုင်ရာသင်တန်းနည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည့် ဗြိတိန်နိုင်ငံ ဆင်းဟက်စ်တက္ကသိုလ်က ကြီးမှူးဖွင့်လှစ်သည့် ခေါင်းဆောင်မှုဆိုင်ရာသင်တန်း (Psychology of Leadership Course) မှ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၏ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညစာစားပွဲအခမ်းအနား ကျင်းပသည့် Kempinski ဟိုတယ်သို့ ရောက်ရှိလာပြီး သင်တန်းနည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းနည်းပြများနှင့် သင်တန်းသားများအား အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့်အတူ ညစာသုံးဆောင်ပြီး သင်တန်း၏အကျိုးထိရောက်မှု၊ လိုအပ်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဗြိတိန်နိုင်ငံ ဆင်းဟက်စ်တက္ကသိုလ်မှ နည်းပြများက ကြီးမှူးဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်တန်းသို့ တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးနှင့် ဗိုလ်မှူးကြီးအဆင့်ရှိသူ စုစုပေါင်း ၁၆ ဦး တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်မှုဆိုင်ရာသင်တန်းမှ သင်တန်းနည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)





အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-လျှပ်စစ်)

# နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၄၀၉ ထုတ်လုပ်ပေးနိုင်မည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန်လျာထား

**ကျောက်မဲ ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ခြေကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် ၂၀၁၀ ပြည့်နှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၄၀၉ ကို မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်အကောင်အထည်ဖော်လျက်ရှိသော အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် လျာထားကြောင်း သိရသည်။

စီမံကိန်း၏ ပင်မတမံအတွင်း ကန်ရေပြည့်နိမ့်မြင့်အမှတ်(၃၉၅ မီတာ) အထိ RCC ကွန်ကရစ်တမံ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ရာ ၄င်းရေမျက်နှာပြင်အောက်ကျရောက်သော ရေဝပ်ဧရိယာအတွင်းရှိ ကျေးရွာများအား စနစ်တကျ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ ကရင်နှစ်သစ်ကူးတေးသီချင်း လာရောက်သီဆိုဖျော်ဖြေ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေအိမ်သို့ ကရင်နှစ်သစ်ကူးတေးသီချင်း လာရောက်သီဆိုဖျော်ဖြေစဉ်။ ဓာတ်ပုံ-သက်ပိုင်ရှိန်း

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ၂၇၅၆ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကရင်တိုင်းရင်းသားညီအစ်ကို မောင်နှမများက ဒီဇင်ဘာ ၁၃ ရက် ညနေ ၆ နာရီတွင် ကရင်နှစ်သစ်ကူးတေးသီချင်းများ လာရောက်သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ကရင်နှစ်သစ်ကူးနေ့ကို ကရင်တိုင်းရင်းသားများနေထိုင်ရာဒေသများ၌ နှစ်စဉ်နှစ်တိုင်း ကျင်းပသည့်အပြင် နေပြည်တော်၌ တာဝန်ထမ်းဆောင်နေကြသော ကရင်တိုင်းရင်းသားများကလည်း နှစ်သစ်ကူးနေ့တွင် အတူတကွ ပြန်လည်ဆုံဆည်းပြီး ပွဲတော်ကိုပါဝင်ဆင်နွှဲနိုင်ရန်နှင့် အခြားသောတိုင်းရင်းသားများကိုလည်း ပွဲတော်သို့ တက်ရောက်နိုင်ရန်အတွက် အသိပေးဖိတ်ခေါ်သည့်အနေဖြင့် ယခုကဲ့သို့ တေးသီချင်းများ လိုက်လံသီဆိုဖျော်ဖြေကြခြင်း ဖြစ်သည်။

ကရင်တိုင်းရင်းသားများ၏ အထွတ်အမြတ် ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည့် နှစ်သစ်ကူးနေ့ပွဲတော်ကို ဒီဇင်ဘာ ၂၉ ရက်တွင် နေရာဒေသအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည့်အပြင် နေပြည်တော်ရှိ MICC - II တွင်လည်း ကရင်ရိုးရာကောက်သစ်စားပွဲကျင်းပခြင်း၊ ရိုးရာပစ္စည်းများခင်းကျင်းပြသခြင်းနှင့် ရိုးရာဒုံးယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ❂ နှစ်စဉ်လျှပ်စစ်ဓာတ်အားမှ

ပြောင်းရွှေ့နေရာချထားပေးရန် လိုအပ်လျက်ရှိပြီး ရေမျက်နှာပြင်နိမ့်မြင့်အမှတ် ၃၆၀ မီတာခန့်တွင်တည်ရှိသော သီပေါမြို့နယ် တာလုံ(အရှေ့)ကျေးရွာနှင့် ကျောက်မဲမြို့နယ် တာလုံ(အနောက်)ကျေးရွာ နှစ်ရွာတို့သည် တမံရေနိမ့်မြင့်မှတ်အောက်ကျရောက်နေပြီး ရေလွှတ်ကင်းမှုမရှိသဖြင့် ရေလွှတ်ရာနေရာသို့ ရွှေ့ပြောင်းရမည်ဖြစ်ကြောင်းလည်း သိရသည်။

"တာလုံ(အရှေ့)နဲ့ (အနောက်)ကျေးရွာတွေမှာ ၂၀၁၄-၂၀၁၅ မှာ စာရင်းအသေးစိတ် ကောက်ခံထားတာကတော့ လူဦးရေက ၄၈၀ ကျော်၊ အိမ်ခြေက ၁၄၃ လုံး၊ စိုက်ပျိုးမြေက ဧက ၃၀၀ ကျော်လောက် ရေဝပ်ဧရိယာထဲမှာ ကျရောက်နေပါတယ်။ သီးနှံလျော်ကြေးပေးတဲ့အခါမှာ တောင်သူတွေနစ်နာတယ်ဆိုရင် နစ်နာကြေးအတွက် ဖွဲ့စည်းထားတဲ့ကော်မတီတွေက အခြေခံဈေးနှုန်းတွေကို ကာလပေါက်ဈေးနဲ့ တွက်ချက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြတယ်။ ကော်မတီက တွက်ချက်ထားတဲ့ဈေးနှုန်းက တောင်သူတွေအတွက် နစ်နာမှုမရှိဘူး။ ကာလပေါက်ဈေးနဲ့လည်း ကိုက်ညီတယ်ဆိုရင် အဲဒီဈေးနှုန်းနဲ့လျော်ပေးပါတယ်။ ကျွန်တော့်အနေနဲ့ ပိုမိုကောင်းမွန်တဲ့ဒေသမှာ လုပ်ကိုင်စားသောက်နိုင်ဖို့၊ အခြေချနေထိုင်နိုင်ဖို့ ထောက်ပံ့ပေးမယ့်အစီအစဉ်ကိုတော့ ကျွန်တော်တို့ဝန်ကြီးဌာနအပါအဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရယ်၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ ရပ်မိရပ်ဖတွေရယ်၊ သက်ဆိုင်ရာကော်မတီတွေအားလုံးမှာပါဝင်တဲ့ တာဝန်ရှိသူတွေက နစ်နာကြေးပေးတာတွေ၊ ပြန်လည်ထူထောင်မှုလုပ်ငန်းတွေကို ပွင့်လင်းမြင်သာစွာနဲ့ အသေးစိတ်စနစ်တကျစီမံဆောင်ရွက်သွားမှာပါ။ သက်ဆိုင်ရာကော်မတီအဖွဲ့အစည်းတွေက လျော်ကြေးတွေကို နစ်နာမှုမရှိအောင် စီမံဆောင်ရွက်ပေးသွားမှာပါ"ဟု ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြသူရက ရှင်းပြသည်။

အထက်ရဲရွာတမံ၏ ရေမျက်နှာပြင်နိမ့်မြင့်အမှတ်မှာ ၃၉၅ မီတာရှိပြီး သီပေါမြို့၏ ပျမ်းမျှရေမျက်နှာပြင်နိမ့်မြင့်အမှတ်မှာ ၄၁၃ ဒသမ ၃၂၃ မီတာ၊ သမိုင်းဝင်ဘော်ကြိုဘုရားရင်ပြင် နိမ့်မြင့်အမှတ်မှာ ၄၀၆ ဒသမ ၂၅၁ မီတာဖြစ်သောကြောင့် တမံ၏အထက်တွင်ရှိနေသဖြင့် အများပြည်သူစိုးရိမ်နေသကဲ့သို့ မဟုတ်ဘဲ သမိုင်းဝင်ဘော်ကြိုဘုရားနှင့် သီပေါမြို့နယ်သို့ ရေမရောက်နိုင်ကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အထက်ရဲရွာစီမံကိန်း၏ ပင်မတမံ၊ ရေသွယ်ဥမင်လိုဏ်၊ ရေယူအဆောက်အအုံနှင့် ဓာတ်အားပေးစက်ရုံတို့အတွက် မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုမှာ ၂၅ ဒသမ ၃၀၁ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

"တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုက မနှစ်ကဆိုရင် မဂ္ဂါဝပ် ၂၈၀၀ အထိရှိပါတယ်။ ဒီနှစ်မှာ မဂ္ဂါဝပ် ၃၃၀၀ ခန့် ထုတ်လုပ်သုံးစွဲနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ကျွန်တော်တို့ရဲ့လက်ထဲမှာတော့ နွေရာသီမှာ အနည်းဆုံး မဂ္ဂါဝပ် ၃၆၀၀ အထိ သုံးစွဲနိုင်မယ်လို့ မျှော်လင့်ပါတယ်။ တစ်နှစ်တစ်နှစ်ကို လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏ ၄၅၀ လောက် တိုးတက်သုံးစွဲလာနိုင်ပါတယ်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းအနေနဲ့ မဂ္ဂါဝပ် ၂၈၀ အထိ ထုတ်လုပ်သုံးစွဲနိုင်မှာဖြစ်ပြီး တစ်နှစ်တစ်နှစ်ရဲ့ ဓာတ်အားသုံးစွဲမှုလိုအပ်တာတွေမှာ သုံးပုံနှစ်ပုံလောက် ရယူဖြည့်ဆည်းပေးနိုင်ပါတယ်"ဟု ဦးမြသူရက ပြောကြားသည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ပြီးစီးပါက ထွက်ရှိလာမည့်ဓာတ်အားများကို ရွှေစာရံဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်း၏ ဓာတ်အားကွန်ရက်အတွင်းသို့ လည်းကောင်း၊ နိုင်ငံတော်ဓာတ်အား ကွန်ရက်အတွင်းရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်စံဓာတ်အားပေးရုံမှ တစ်ဆင့် လားရှိုးနှင့် သီပေါဓာတ်အားခွဲရုံများသို့ ဓာတ်အားပို့လွှတ်ပေးသွားမည်ဖြစ်သဖြင့် ရှမ်းပြည်နယ်အတွက်လည်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာသုံးစွဲမည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ပြည်သူလူထု လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ ကျေးလက်ဒေသမှာဆိုရင် ၅၀ ရာခိုင်နှုန်းက လျှပ်စစ်ဓာတ်အားသုံးစွဲရရှိနေပြီဖြစ်ပါတယ်။ အရင်တုန်းက လျှပ်စစ်ဓာတ်အားသုံးစွဲဖို့မရှိခဲ့တဲ့ အနေအထားကနေ အခုဆိုရင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိလာပြီမို့ လျှပ်စစ်နဲ့ပတ်သက်ပြီး အန္တရာယ်ကင်းအောင် ဘယ်လိုကိုင်တွယ်ရမယ်၊ ဘယ်လိုလိုက်နာဆောင်ရွက်ရမယ်ဆိုတဲ့အချက်တွေလည်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့လည်း လိုပါတယ်။ အဲဒါကြောင့် အလေးထား ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့က ရှေ့ကနေပြီး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးနေသလို တစ်ဖက်ကလည်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘယ်လိုလိုက်နာ ဆောင်ရွက်ရမလဲဆိုတာ အသိပညာပေးနေပါတယ်"ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က ပြောကြားသည်။

ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ဗို့အားပြည့်ဝတည်ငြိမ်စွာအသုံးပြုနိုင်ရေးဆောင်ရွက်လျက်ရှိရာ တိုးတက်လာသောဓာတ်အားသုံးစွဲမှုနှင့်အညီ ဓာတ်အားခွဲရုံများ အင်အားတိုးချဲ့တည်ဆောက်ခြင်း၊ ဝန်အားမနိုင်သည့် ဓာတ်အားလိုင်းများကို ဓာတ်အားလိုင်းကြိုးအကြီးများဖြင့် လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းအပြစ်ဖြစ်၍ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် အရည်အသွေးကျဆင်းနေပြီဖြစ်သော ဓာတ်အားလိုင်းကြွေသီးများလဲလှယ်ခြင်း၊ သစ်သားလက်တန်းများကို သံလက်တန်းများဖြင့် လဲလှယ်ခြင်း၊ ဆွေးမြည့်သစ်သားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

JICA၊ ADB၊ World Bank စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများ၊ အထောက်အပံ့များရယူ၍ ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပြီး ယနေ့အထိ တစ်နိုင်ငံလုံးတွင် ကျေးရွာ ၆၃၈၅၉ ရွာရှိသည့်အနက် ကျေးရွာ ၃၁၈၇၂ ရွာကို လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သဖြင့် တစ်နိုင်ငံလုံးကျေးရွာပေါင်း၏ ၅၀ ရာခိုင်နှုန်းခန့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-နိုင်လင်းကြည်၊ ကိုမင်း၊**

## ဇီဝမျိုးစုံလင် ကမ္ဘာတစ်ခွင် ထာဝစဉ်တည်တံ့ရေး ထိန်းသိမ်းပေး



## လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**မုံရွာ ဒီဇင်ဘာ ၁၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များ၊ ဌာန၏ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ် ထပ်ဆင့်ရှင်းလင်းသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမည့်အစီအမံများ၊ နိုင်ငံခြားသားထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြကြရာ စည်ပင်ဝန်ကြီး ဦးမြင့်ကြည်က လုပ်ငန်းလမ်းညွှန်မှုများ မှာကြားခဲ့သည်။

**(ဖိုးချမ်း-မုံရွာ)**



ဒီဇင်ဘာ ၁၀ ရက်က မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)မှ ကျင်းပသော သက်ကြီးပူဇော်ပွဲသို့ မတက်ရောက်နိုင်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးသတင်းစာ ပညာရှင်ကြီးများအား ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီ က ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်ဦးစီး၍ အလုပ်အမှုဆောင်များက အိမ်တိုင်ရာရောက်လိုက်လံပို့ဆောင် ဂါရဝပြုကြစဉ်။ (ဌေးကြိုင်)

# တောင်ကိုရီးယားအတိုက်အခံ ခေါင်းဆောင်ဟောင်း သမ္မတရာထူးနေရာအတွက် ယှဉ်ပြိုင်အရွေးခံမည်

**ဆိုးလ် ဒီဇင်ဘာ ၁၅**

မိမိသည် သမ္မတ ရာထူးနေရာအတွက် ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း တောင်ကိုရီးယား အဓိကအတိုက်ခံ ပါတီခေါင်းဆောင်ဟောင်း မွန်းဂျေးအင်က ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားလိုက်သည်။

သမ္မတအဖြစ် ယှဉ်ပြိုင်အရွေးချယ်ခံရန်ရှိခြင်းအတွက် မိမိဂုဏ်ယူဝမ်းမြောက်မိကြောင်း ကိုရီးယား ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ဟောင်း မွန်းဂျေးအင်က မြို့တော်ဆိုးလ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၁၈ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲ ကျင်းပရန်ရှိသည်။ သို့ရာတွင် လက်ရှိသမ္မတ ပတ်ဂွန်ဟေးကို စွဲချက်တင်စစ်ဆေးရန် ပါလီမန်က ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ထောက်ခံမည်ဆိုပါက သမ္မတရွေးကောက်ပွဲကို စော၍ ကျင်းပရမည်ဖြစ်သည်။

ထိုစဉ်အတွင်း မွန်းဂျေးအင်က တောင်ကိုရီးယား၌ ဖြန့်ကြက်မည့် အမေရိကန် ဒုံးခွင်းဒုံးစနစ်နှင့် ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ ဒုံးခွင်းဒုံးဖြန့်ကြက်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားသင့်ကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**





# ဂျပန်နှင့်ရုရှား ခေါင်းဆောင်များတွေ့ဆုံ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာဆွေးနွေးပွဲ ပြန်လည်ကျင်းပဖွယ်ရှိ

**နာဂါတို ဒီဇင်ဘာ ၁၅**

ဂျပန်နှင့် ရုရှားနိုင်ငံတို့သည် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲများကို ပြန်လည်ကျင်းပသွားဖွယ်ရှိကြောင်း၊ နှစ်နိုင်ငံ ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်သွားရန် ဦးတည်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း ယာမာဂူချီ စီရင်စုရှိ ရေပူစမ်းအပန်းဖြေစခန်းမြို့တည်ရာ နာဂါတို၌ ဒီဇင်ဘာ ၁၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းကို ရုရှားနိုင်ငံက ထိန်းချုပ်ထားပြီး ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟုဆိုသော ကျွန်းစုများအရေးနှင့်ပတ်သက်၍ အငြင်းပွားမှုကို ဖြေလျှော့နိုင်စေရန် နှစ်နိုင်ငံခေါင်းဆောင်များ ကြိုးပမ်းလျက်ရှိသည်။

နှစ်နိုင်ငံမှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများ၏ လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကို ပြန်လည်ကျင်းပရန် သမ္မတပူတင်က ကမ်းလှမ်းခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့က သတင်းထောက်များကို ပြောကြားသည်။ ရုရှားနိုင်ငံက ၂၀၁၄ ခုနှစ်တွင် ခရိုင်းမီးယားဒေသကို ယင်း၏ နယ်မြေအတွင်းသို့ ပေါင်းစပ်ထည့်သွင်းလိုက်ပြီးနောက် နှစ်နိုင်ငံ လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပခြင်းကို ဆိုင်းငံ့ထားခဲ့သည်။ ခရိုင်းမီးယားဒေသ၏ တင်းမာမှုကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများက ရုရှားနိုင်ငံကို အရေးယူဒဏ်ခတ်မှုများ ပြုလုပ်ခဲ့သည်။

သမ္မတပူတင်၏ ကမ်းလှမ်းချက်ကို ဂျပန်ဝန်ကြီးချုပ်က အပြုသဘောတုံ့ပြန်ခဲ့ပြီး နှစ်နိုင်ငံ လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲကို ပြန်လည်ကျင်းပရန် ဂျပန်နိုင်ငံက ဆုံးဖြတ်မည်ဟု မျှော်လင့်ကြောင်း လက်ဗရော့က ပြောကြားသည်။

**ရိုက်တာ။**

# Yahoo ကုမ္ပဏီ၏အင်တာနက်အကောင့် တစ်ဘီလီယံကျော်ခန့် ဟက်ကာများ ခိုးယူ

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

အမေရိကန်အိုင်တီကုမ္ပဏီတစ်ခုဖြစ်သည့် Yahoo က ၎င်း၏ အင်တာနက်သုံးစွဲသူ တစ်ဘီလီယံကျော်ခန့်၏ အချက်အလက်များ ခိုးခံခဲ့ရကြောင်း ယနေ့သတင်းထုတ်ပြန်ကြေညာခဲ့သည်။

စက်တင်ဘာလက အင်တာနက်သုံးစွဲသူ သန်း ၅၀၀ ကျော်၏ အကောင့်များကို ဟက်ကာများက နည်းပညာအသစ်အဆန်းများဖြင့် ဝင်ရောက်ခိုးယူသွားခဲ့ကြောင်း Yahoo ကုမ္ပဏီက ထုတ်ဖော်ပြောကြားပြီးနောက် ယခုထပ်မံခိုးခံရမှုဖြစ်ပွားခဲ့သည်။ ဟက်ကာများခိုးခဲ့သည့် အင်တာနက်သုံးစွဲသူအရေအတွက်သည် ကုမ္ပဏီတစ်ခုအတွက် အချက်အလက်ပေါက်ကြားမှု အများဆုံးဖြစ်စေသော ခိုးယူမှုဖြစ်သည်။

Yahoo တာဝန်ရှိသူများက ၂၀၁၃ ခုနှစ် ဩဂုတ်လတွင်လည်း ဟက်ကာများက ၎င်းတို့၏ အချက်အလက်များကို ခိုးယူခဲ့သည်ဟု ဆိုသည်။ သို့သော် အင်တာနက်သုံးစွဲသူ၏ နာမည်များ၊ မွေးနေ့၊ အီးမေးလ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များကိုသာ ခိုးယူသွားခဲ့သည်။ အင်တာနက်သုံးစွဲသူများ၏ အကောင့်နာမည်ဝှက်များနှင့် အခြားအရေးကြီးသောအချက်အလက်များကို နည်းပညာတစ်မျိုးဖြင့် သိမ်းဆည်းထားသည့်အတွက် ခိုးယူခြင်းမခံခဲ့ရကြောင်း တာဝန်ရှိသူများကဆိုသည်။

ဟက်ကာများ ဝင်ရောက်ခဲ့သည့် အင်တာနက်သုံးစွဲသူများနှင့်၎င်းတို့၏နိုင်ငံများကို ဖော်ပြခြင်းမရှိခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် အခြားသော နာမည်ဝှက်များ အသုံးပြုရန်လိုအပ်ကြောင်း အကြံပြုစာများ ပို့မည်ဖြစ်သည်ဟု Yahoo တာဝန်ရှိသူများကဆိုသည်။

စောင့်ကြည့်လေ့လာသူများက ထိုသို့သော ဟက်ကာများ၏ ဝင်ရောက်ခိုးယူမှုသည် Yahoo ကုမ္ပဏီ၏ စီးပွားရေးကို ထိခိုက်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။ ဇူလိုင်လက Yahoo ကုမ္ပဏီပိုင် အင်တာနက်ကွန်ရက်ပိုင်ဆိုင်မှုအပါအဝင် အခြားသောနည်းပညာများကို အမေရိကန် တယ်လီကွန် ကုမ္ပဏီတစ်ခုဖြစ်သည့် Verizon ကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံဖြင့် ရောင်းချရန် သဘောတူခဲ့သည်။

သို့သော် Yahoo ကုမ္ပဏီ၏ အချက်အလက်များကို ဟက်ကာများက ခိုးယူခဲ့ကြောင်း ပထမဆုံးအကြိမ် ကြေညာခဲ့ပြီးနောက် Verizon ကုမ္ပဏီက ဝယ်ယူမည့်ငွေပမာဏကို ပြန်လည်သုံးသပ်မည်ဟု ဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ။**




# အလက်ပိုမြို့အရှေ့ပိုင်းမှ ထွက်ခွာလာသည့် ယာဉ်တန်းကို ဆီးရီးယားအစိုးရ၏ မဟာမိတ်လက်နက်ကိုင်အဖွဲ့က ပစ်ခတ်

**အလက်ပို ဒီဇင်ဘာ ၁၅**

ဆီးရီးယားသူပုန်အုပ်စုများ ထိန်းချုပ်ထားသည့် အလက်ပိုမြို့အရှေ့ပိုင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ယာဉ်တန်းတစ်တန်းကို ဆီးရီးယားအစိုးရလိုလားသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဒီဇင်ဘာ ၁၅ ရက်တွင် ပစ်ခတ်ခဲ့ရာ သုံးဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏ တပ်ဖွဲ့များက အဓိကကျသော ထိုးစစ်ကို ဆင်နွှဲခဲ့ပြီးနောက် သူပုန်အဖွဲ့များသည် ၎င်းတို့ နောက်ဆုံးထိန်းချုပ်ထားသည့် အလက်ပိုမြို့ ဒေသတစ်နေရာမှ စွန့်ခွာထွက်ပြေးသွားပြီဖြစ်သည်။

လမ်းမများပေါ်ရှိ လူနာသယ်ယာဉ်များနှင့် အတူရှိနေသည့် ဆီးရီးယားလုပ်သားများအား သမ္မတအာဆတ်ကိုလိုလားသည့် လက်နက်ကိုင်အဖွဲ့များက အရမ်းကာရော ပစ်ခတ်ခဲ့သည်ဟု ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အစောပိုင်း ထွက်ပေါ်လာသောသတင်းများအရ ပစ်ခတ်ခံရသည့် ယာဉ်တန်းမှ လူတစ်ဦး သေဆုံးသွားသည်ဟု ဖော်ပြသည်။ ဆီးရီးယားအရေးလေ့လာစောင့်ကြည့်သည့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့သည် ဆီးရီးယားနိုင်ငံတစ်ဝန်းလုံးတွင် ကွန်ရက်ဆက်သွယ်သတင်းအချက်အလက်များ ရယူခဲ့သောအဖွဲ့ဖြစ်ပြီး ၎င်းတို့၏အဆိုအရ ယင်းအဖြစ်အပျက်တွင် သေဆုံးသူမရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိသူများမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း ဖော်ပြသည်။ ဆီးရီးယားမြို့ပြ ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့၏ အင်တာနက်တွင် ဖော်ပြချက်အရ ယင်းပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ ငါးဦးရှိသည်ဟု ပါရှိသည်။

**ရိုက်တာ။**

# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် သဘောတူ



ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း။

**နေပြည်တော် ဒီဇင်ဘာ ၁၅**
အာဆီယံကွန်ဗင်းရှင်းကို ဝင်ရောက်ခြင်းအားဖြင့် ဂိုဏ်းအုပ်စုဖွဲ့ကျူးလွန်သည့် ပြစ်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများကိုပါ ပိုမိုထိရောက်စွာဟန့်တားပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူကုန်ကူးမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှအတည်ပြုဝင်ရောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းရာတွင် ဒုတိယဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေအား ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ ထွက်ပေါ်လာသည့်ဥပဒေအရ နည်းဥပဒေရေးဆွဲနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအတည်ပြုဝင်ရောက်မည့် အာဆီယံကွန်ဗင်းရှင်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မူလဖြစ်ပွားရာကြားခံ သို့မဟုတ် ခရီးဆုံးနိုင်ငံတို့နှင့် မည်သည့်အခြေအနေမျိုးတွင်မဆိုင်းတို့နှင့် မျှဝေတာဝန်ခံခြင်းနှင့် လူကုန်ကူးမှုကာကွယ်ရေး၊ စွဲချက်တင်ရေးနှင့် လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးစသည့် ဗဟိုဦးတည်ချက်များကို သဘောတူဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုကိုဆန့်ကျင်သည့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်များကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးက ထောက်ခံဆွေးနွေးခဲ့ကြရာ လွှတ်တော်က သဘောတူအတည်ပြုခဲ့သည်။

ယင်းကိစ္စအပေါ် ဆွေးနွေးရာတွင် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက လူကုန်ကူးမှုဖြစ်ရသော အကြောင်းအရင်းများသည် များသောအားဖြင့် ဆင်းရဲမှု၊ အလုပ်လက်မဲ့ဖြစ်မှုနှင့် အခွင့်အလမ်းများ ကင်းမဲ့မှုကြောင့်ဖြစ်ရပါကြောင်း၊ ကမ္ဘာပေါ်ရှိ လူကုန်ကူးမှုခံရသူအများစုသည် အမျိုးသမီးများဖြစ်ကြပြီး အသက်(၁၈)နှစ်အောက် အရွယ်များစွာ ပါဝင်ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူကုန်ကူးခံရမှုနှင့် အခင်းဖြစ်ပွားမှု မှုခင်းအရေအတွက်မှာ ၇၃၁ မှုရှိပါကြောင်း၊ ထိုအမှုများအနက်မှ အမျိုးသမီးလူကုန်ကူးမှုခံရသူဦးရေ ၁၂၂၆ ဦးရှိပြီး (၁၈) နှစ်အောက် မိန်းကလေး လူကုန်ကူးခံရသူဦးရေမှာ ၂၀၀၉ ဦးနှင့် အမျိုးသားလူကုန်ကူးခံရသူဦးရေမှာ ၈၆ ဦးရှိပါကြောင်း။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်က အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့မှာ ဆက်စပ်နေပြီး လူကုန်ကူးမှု အများအပြားဖြစ်နေသည့်ဒေသအဖြစ် ထင်ရှားပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု မညီမျှမှုနိုင်ငံများအကြားတွင် ရှည်လျားသည့် နယ်နိမိတ်ချင်းထိစပ်မှုများရှိသည့်အပြင် နယ်စပ်လုံခြုံရေးအားနည်းချက်များကြောင့် လူကုန်ကူးမှုများ ဖြစ်ပွားနေရကြောင်း အစီရင်ခံစာများက သိရပါကြောင်း၊ မြန်မာနိုင်ငံသားများ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များသည် အဓိက ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ နှစ်စဉ်လူကုန်ကူးခံနေရပါကြောင်း။

လူကုန်ကူးခံနေရသည့် မြန်မာနိုင်ငံက အမျိုးသမီးနှင့် ကလေးများ၏ဘဝများကို ကယ်တင်နိုင်ရန် အာဆီယံမှ အတိုင်း နိုင်ငံများ ပူးပေါင်းလုပ်ဆောင်မှု တိုးမြှင့်နိုင်ရန်နှင့် အမျိုးသမီးနှင့် ကလေးငယ်များ၏အခွင့်အရေးကို ကာကွယ်ပေးလိုသည့် နိုင်ငံတစ်ခုအဖြစ် အာဆီယံအသင်းတွင် ဂုဏ်ရှိစေရန်အတွက် ယခုစာချုပ်ကို အမြန်ဆုံးလက်မှတ်ရေးထိုးသင့်ပါကြောင်း။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူက မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ စစ်တမ်းအရ ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံနှင့် လူကုန်ကူးမှု ထိတွေ့မှုအများဆုံးနိုင်ငံသည် တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ပါကြောင်း၊ လူကုန်ကူးအခံရဆုံးဒေသသည် ရှမ်းပြည်နယ်ဖြစ်ပြီး ဒုတိယအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်မှအပ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် လူကုန်ကူးခံရမှုများ ဖြစ်ပွားခဲ့ပါကြောင်း။

လူကုန်ကူးမှုသည် လုံးဝချုပ်ငြိမ်းပပျောက်ရန် မလွယ်ကူလှသော်လည်း လူမဆန်သည့် လူကုန်ကူးမှုအသွင်မျိုးစုံ မပေါ်ပေါက်စေရန် အစိုးရသာမက ပြည်သူတစ်ရပ်လုံး၊ အဖွဲ့အစည်းများအားလုံးက တက်ညီလက်ညီ စုပေါင်းကာကွယ်သွားရန်နှင့် လူကုန်ကူးခံရတတ်သည့် အခြေအနေ၊ အနေအထားများကို ရှောင်ကြဉ်နိုင်သည့် သတင်းအချက်အလက်များကို ကျောင်းစာသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းနိုင်ရန် တိုက်တွန်းအကြံပြုလိုပါကြောင်း၊ အာဆီယံလူကုန်ကူးမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်နိုင်ရန် ထောက်ခံပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးညီစိန်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းပန်ဖ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ တို့ကလည်း ထောက်ခံဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးမင်းသူအား ခန့်အပ်တာဝန်ပေးခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးလှကျော်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအကြား မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ထူထောင်ရေးသဘောတူညီချက်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၁၆၉၆၉ ဒသမ ၂၀၁၃၉ ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တို့က ရှင်းလင်းတင်ပြခဲ့ပြီး ယင်းကိစ္စကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

**မျိုးမြင့်(သတင်းစဉ်)**

# (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့တွင် ရခိုင်တံခွန်ဆုများ ပေးအပ်



**ရန်ကုန် ဒီဇင်ဘာ ၁၅**
(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့နှင့် ရခိုင်တံခွန်ဆုပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာစံရွှေအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရခိုင်ဒေသကို ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ကြောင်း ပြောကြားသည်။

ပါမောက္ခဒေါက်တာအေးချမ်းက ရခိုင်ပြည်နယ်နေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့်သဝဏ်လွှာကို ကျင်းပရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးစိန်လှိုင်က လည်းကောင်း၊ ရခိုင်အမျိုးသားပါတီမှ ပေးပို့သည့် သဝဏ်လွှာကို ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း ဖတ်ကြားသည်။

ဆက်လက်၍ ရခိုင်တံခွန်ဆုများကို အမျိုးဘာသာသာသနာနှင့် ရခိုင်လူမျိုးတို့၏ အကျိုးစီးပွားကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ရခိုင်ဆရာတော်များနှင့် လူပုဂ္ဂိုလ်များအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးတို့က ဆက်ကပ်ပေးအပ်ခဲ့သည်။

ရခိုင်တံခွန်ဆု ချီးမြှင့်ခြင်းခံရသည့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာစံရွှေအောင် က “ ဒီအခမ်းအနားက ရခိုင်လူမျိုးတွေအတွက် တန်ဖိုးကြီးမားတဲ့ အခမ်းအနားဖြစ်သလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်း အရေးကြီးတဲ့အခမ်းအနားဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ရေ၊ မြေ၊ ပင်လယ်၊ သမုဒ္ဒရာသယံဇာတ အပါအဝင် သယံဇာတတွေပြည့်ဝတဲ့ ဒေသဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ သမိုင်းအဆက်ဆက်က ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို အခုအချိန်မှာ ဖြေရှင်းနေရပါတယ်။ ဒီပြဿနာကို ဖြေရှင်းရင်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်သွားရမှာပါ။ အမျိုးသားအကျိုးစီးပွားအတွက်လည်း ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

ရခိုင်တံခွန်ဂုဏ်ပြုဆုကို အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယဝံသ၊ ရမ္မာဝတီဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုန္ဒပါလ၊ မြောက်ဦးဆရာတော် ဦးဝါယာမိန္ဒ၊ ပါဠိတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ ဦးဝါသဝ၊ အသျှင်စကိန္ဒ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာစံရွှေအောင်၊ သမိုင်းပညာရှင်ဒေါက်တာအေးချမ်း၊ စာရေးဆရာ ဦးကျော်စိန်(သမိုင်းသျှင်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာနုမြဖံတို့ အသီးသီး ရရှိခဲ့ကြသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-လှမိုး**

■

# ဟိုဘက်ကမ်းက မီးထိန်ထိန် (၃)

ဆွေညီ


ကျောက်စီလမ်း၊ ကျောက်စီတံတိုင်း၊ ရွက်ဝါတွေနဲ့ လှပနေတဲ့ ဂျင်ဂိုပင်ကျေးရွာ။

**ကိုဒင်ရေ**

ကျွန်တော် အခုတစ်ပတ်ရေးမယ့် အကြောင်းအရာကတော့ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တာလေးတွေ ဖြစ်ပါတယ်။

ကျွန်တော်တို့က နှစ်နိုင်ငံ မီဒီယာကဏ္ဍ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ နယ်စပ်နယ်နိမိတ်မှာရှိတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို လေ့လာဖို့သွားတာဖြစ်ပေမယ့် ကျွန်တော်တို့ကို ဒေသတည်ငြိမ်အေးချမ်းမှု၊ ဒေသတွေ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်နေမှုနဲ့ ဒေသန္တရဗဟုသုတတွေအတွက်ပါ နေ့စဉ်ခရီးစဉ်အတွင်း ထည့်သွင်းရေးဆွဲပေးထားတာ တွေ့ရပါတယ်။ အလုပ်ချည်းပဲ မဟုတ်ဘဲ အပန်းဖြေခရီးစဉ်လေးတွေ ရောယှက်ရေးဆွဲထားတာကို ခရီးစဉ်တိုင်း တွေ့ရကြုံရပြီး ကျွန်တော်တို့အတွက် တကယ်လည်း အပန်းပြေခဲ့ကြပါတယ်။

ကူမင်းမြို့နဲ့ ကီလိုမီတာ ၆၀ အကွာလောက်မှာရှိတဲ့ Stone Forest Scenic area ကို ကျွန်တော်တို့ ရောက်ခဲ့ပါတယ်။ ပုံစံအမျိုးမျိုးနဲ့ ကျောက်တောဧရိယာမှာ လာလည်တဲ့ ဧည့်သည်တွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားနေတယ်။ လမ်းလျှောက်သူကလျှောက်ပြီး လှည့်လည်လေ့လာ၊ ဘာဂီကားနဲ့ လှည့်လည်လေ့လာတဲ့သူက လေ့လာပဲ။ ကျွန်တော်တို့ရောက်တော့ မိုးဖွဲဖွဲလေးတွေရွာနေပြီး ညနေပိုင်းလည်းဖြစ်တော့ အေးလိုက်တာ။ ဘာဂီပေါ်မှာ ခိုက်ခိုက်တုန်နေကြတယ်။

ကျွန်တော်တို့ကို ဧည့်လမ်းညွှန် ရိစ်တိုင်းရင်းသူနှစ်ဦးက လမ်းတစ်လျှောက်ရှင်းပြပါတယ်။ ဒီသဘာဝကျောက်တောကို ၁၉၃၁ ခုနှစ်မှာ စတင်တွေ့ရှိ အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ ယူနက်စကိုရဲ့ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးဒေသတစ်ခုဖြစ်လာတယ်တဲ့။ ပြီးခဲ့တဲ့နှစ်ကဆို တစ်နေ့ကို ဧည့်သည်တစ်သောင်းကျော် လာရောက်ခဲ့ပြီး တစ်နှစ်လုံးမှာ ဧည့်သည်လေးသန်းကျော် လာရောက်ခဲ့တယ်တဲ့။

တစ်ယောက်ကို ဝင်ကြေး ၁၇၅ ယွမ်ရတာမို့ တစ်နှစ်လုံး လူလေးသန်းအတွက် ဝင်ကြေးငွေက အများအပြားပါပဲ။ ဒီထဲမှာ လက်ဆောင်ပစ္စည်းအရောင်းဆိုင်လေးတွေလည်း ဖွင့်ထားတယ်။

လူတွေ ကံကောင်းစေတယ်လို့ အယူနဲ့ ကိုင်တွယ်တဲ့ ကျောက်တုံးအချို့ဆို လုံးချောနေပြီး အရောင်ကအစ ချောကလက်ရောင် ဖြစ်နေတာလည်း တွေ့ရတယ်။ ရေကန်ရယ်၊ ပုံသဏ္ဌာန်မျိုးစုံ ဖြစ်ပေါ်နေတဲ့ ကျောက်ပုံစံအမျိုးမျိုးရယ်က မြင်ကွင်းကို ကြည့်မဝဖြစ်စေပါတယ်။ ကျောက်တော ဧရိယာက စုစုပေါင်း ကီလိုမီတာ ၂၅၀ လောက်ရှိပြီး ထိန်းသိမ်းထားတဲ့ ဧရိယာကတော့ ၁၂ ကီလိုမီတာ ရှိတယ်လို့ သိရပါတယ်။

ရိစ်တိုင်းရင်းသား၊ တိုင်းရင်းသူတွေ ဒီဒေသမှာ အများအပြားရှိတယ်လို့ ဆိုပါတယ်။ လမ်းညွှန်လုပ်တဲ့ ရိစ်တိုင်းရင်းသူနှစ်ဦးက သူတို့ခေါင်းဆောင်းမှာပါတဲ့ အချွန်လေးနှစ်ခုကိုပြပြီး အပျိုက ဒီလို အချွန်နှစ်ခု၊ အိမ်ထောင်သည်က အချွန်တစ်ခုတဲ့။ ပြီးတော့ ခေါင်းပေါ်က အချွန်ကိုလာမကိုင်ပါနဲ့တဲ့။ ကိုင်မိရင် သူတို့ကို အလုပ်အကျွေး သုံးနှစ်ပြုရမယ်လို့ ကြိုတင်အသိပေးပါတယ်။ ဗဟုသုတပေါ့။

ယူနန်ပြည်နယ်တစ်ခုလုံးမှာ တိုင်းရင်းသား ၂၅ မျိုးနေထိုင်ပြီး ၁၅ မျိုးသော တိုင်းရင်းသားက ယူနန်ပြည်နယ်တစ်ခုတည်းမှာပဲရှိတယ်လို့ ဂိုက်ယူဖွယ်ရာပြောပြလို့ သိခဲ့ရပါတယ်။ အခု ကျောက်တောဒေသမှာတော့ ရိစ်လူမျိုးတွေ အများစုနေထိုင်ကြတယ်လို့ ပြောပါတယ်။

**ကိုဒင်ရေ**

ရွှေလီမြို့မှာရှိတဲ့ မုန်းဟွမ်စေတီကို ဖူးမြော်ကြည်ညိုခဲ့ပါတယ်။ စေတီကို မြန်မာနိုင်ငံက ဗိသုကာ ပညာရှင်တွေခေါ်ပြီး တည်ထားတာပါ။ စေတီအဝင်ဝမှာ ဆင်ရုပ်၊ နဂါးရုပ်တွေ ထုလုပ်ထားတယ်။ နောက် မမြင်၊ မကြား၊ နားမထောင်ဘူးလို့ သရုပ်ဖော်ထားတဲ့ ရုပ်တုကြီးတွေကိုလည်း တွေ့ရတယ်။

မြတ်စွာဘုရားပုံတော်တွေတည်ထားသလို ဦးတည်ဘွားတို့၊ ကွမ်ရင်မယ်တော်တို့ကိုလည်း ထုလုပ်ပူဇော်ထားတယ်။ ဒီစေတီကိုလည်း လာရောက်ဖူးမြော်သူများပြားပါတယ်။ ဒီစေတီကုန်းပေါ်ကကြည့်ရင် အောက်က မန်စီတစ်မြို့လုံးကို အပေါ်က စီးမိုးပြီး မြင်ရတယ်လေ။ စေတီဝင်းထဲမှာ သီရိလင်္ကာကနေ ရထားတဲ့ ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားပြီး ခမ်းခမ်းနားနားပြသထားတယ်။ စေတီအတွင်းလိုဏ်က နှစ်ထပ်ဖြစ်ပေမယ့် အပေါ်ထပ်က မပြီးသေးတော့ မဖွင့်လှစ်နိုင်သေးဘူး။ ဆက်လုပ်နေတယ်လို့တော့ ပြောတယ်။ ဒါက ရွှေစေတီပါတဲ့။ ဟိုးမှာ လှမ်းမြင်ရတဲ့စေတီက ငွေစေတီဖြစ်ပါတယ်တဲ့။ ငွေစေတီကလည်း တည်ဆောက်ဆဲမို့ မဖွင့်လှစ်ရသေးပါဘူးတဲ့။ လှမ်းတော့ဖူးတွေ့ရပါတယ်။

**ကိုဒင်ရေ**

ထိန်ချုံးမြို့မှာရှိတဲ့ ရှေးဟောင်းမြို့ ဟော်ရှွင့်ကိုသွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ ရှေးဟောင်းမြို့က ၁၇ စတုရန်းကီလိုမီတာကျော်ကျော် ကျယ်တာမို့ တော်တော်လေး ကျယ်ဝန်းတယ်လို့ ဆိုလို့ရတယ်။ အရင်က စစ်သူကြီးနေခဲ့တဲ့ နေအိမ်လိုမျိုးကို ရှေးမူမပျက်မွမ်းမံပြီး ဟိုတယ်ဖွင့်ထားတာတွေ့ခဲ့တယ်။ နောက် လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ အတော့်ကို စည်စည်ကားကားရှိပါတယ်။

ဒီမြို့မှာနေထိုင်သွားသူတွေရဲ့ စာရင်းတွေအပါအဝင် စာအုပ်စာတမ်း သိမ်းနဲ့ချိပြီး ထိန်းသိမ်းထားတဲ့ စာကြည့်တိုက်ကြီး၊ ရှေးက အမျိုးသမီးတွေ အဝတ်လျှော်တဲ့နေရာ၊ ရှေးက ရေဒဟတ်နဲ့ ရေတင်တဲ့နေရာ၊ နှစ်ရှည်ပင်ကြီးတွေ စတာတွေကိုလည်း လေ့လာနိုင်အောင် ထိန်းသိမ်းထားတာကို တွေ့ခဲ့ရတယ်။

ရှေးခေတ် စက္ကူလုပ်နည်းကို လက်တွေ့ပြသပေးတဲ့ စာရေးကိရိယာ အရောင်းဆိုင်လေးကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ အရင်ခေတ်က ကုန်သည်တွေ အသုံးပြုခဲ့တဲ့ ပစ္စည်းတွေကိုလည်း ပြသထားတယ်။ သူတို့ရဲ့ ရှေးကုန်သွယ်လမ်းကြောင်းမြေပုံမှာ မြစ်ကြီးနားတို့၊ မူဆယ်တို့လည်း ပါဝင်တာကို တွေ့ခဲ့ရတယ်။

ဟော်ရှွင့်ရှေးဟောင်းမြို့က တစ်နိုင်ငံလုံးမှာခရီးသွားပြည်သူတွေကို ဆွဲဆောင်မှုအရှိဆုံးမြို့ဖြစ်တယ်လို့ ဧည့်လမ်းညွှန်က ရှင်းပြပါတယ်။ ဒီရှေးဟောင်းမြို့က ချင်မင်းဆက်လက်ထက်က တခြားပြည်နယ်က စစ်သားတွေ ဒီနေရာမှာ နယ်စပ်ဒေသကင်းလာစောင့်ကြပ်ရင်းက မြို့အဖြစ် ပေါ်ပေါက်လာတာတဲ့။ ထိန်ချုံးမြို့နဲ့ အနောက်ဘက် လေးကီလိုမီတာအကွာမှာ ရှိပါတယ်။

ဖွင့်တဲ့အချိန်က နံနက် ၇ နာရီခွဲကနေ ည ၇ နာရီခွဲအထိ ဖြစ်ပါတယ်။ ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် စာရင်းဝင်ဖို့အတွက် ကြိုးစားနေတယ်။ အဲဒီထဲမှာ မင်းတုန်းမင်းကြီးနဲ့ မိဖုရားကြီး ပုံတူပန်းပုရုပ်တုရယ်၊ သူတို့ကနေ တရုတ်အမတ်ကြီးကို လက်ဆောင်ပေးထားတယ်ဆိုတဲ့ လှည်းရယ် တွေ့ခဲ့ပါတယ်။ တစ်နေ့ ပြည်တွင်း၊


Stone Forest Scenic Area အတွင်း လှပနေတဲ့ မြင်ကွင်း။

ပြည်ပလာရောက်လေ့လာကြည့်ရှုသူပျမ်းမျှ ၂၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ ဒီရှေးဟောင်းမြို့ဝင်ကြေးက တစ်ဦးယွမ် ၈၀ ပေးရတယ်တဲ့။

**ကိုဒင်ရေ**

နံနက် ၁၁ နာရီလောက်မှာ ဂျင်ဂိုပင်ကျေးရွာလေးကို ရောက်ခဲ့တယ်။ ဂျင်ဂိုပင်ဆိုတာ နှစ်တစ်ရာသီးပင်ကို ခေါ်တာလို့ ရှင်းပြတယ်။ နှစ်တစ်ရာပင်ရွာလို့ ပြောလို့ရတာပေါ့။ ရောက်တာနဲ့ နေအိမ်တစ်လုံးကိုခေါ်သွားပြီး အိမ်ရှေ့မှာ ခင်းကျင်းထားတဲ့ စားပွဲခုံပုလေးတွေ၊ ထိုင်ခုံလေးတွေမှာ ဝိုင်းထိုင်လိုက်ကြတော့ မကြာမီ နှစ်တစ်ရာသီးပြုတ်တွေနဲ့ ဝက်သစ်ချသီး၊ ဝက်သစ်ချသီးအခွံနွှာဖို့ ညှပ်တစ်ခု၊ နောက် ရေနွေးကြမ်းပေါ့။

အရွက်တွေ ဝါထိန်လှပနေတဲ့ နှစ်တစ်ရာသီးပင်အောက်မှာ ခါးသက်သက်နှစ်တစ်ရာသီးပြုတ်က အရသာရှိလှတယ်။ နာရီဝက်လောက်ကြာတော့ နေ့လယ်စာ စားဖို့ အဆင်သင့်ဖြစ်ပြီမို့ အိမ်အပေါ်ထပ်မှာ နေ့လယ်စာ စားကြတယ်။

တစ်အိမ်တစ်အိမ်မှာ စားပွဲဝိုင်း ၁၀ ဝိုင်းကျော်၊ လူတစ်ရာလောက် စားနိုင်အောင် ခင်းကျင်းထားတဲ့ ကျေးရွာခရီးသွားလုပ်ငန်းပုံစံလေးပေါ့ ကိုဒင်။ အမျိုးသမီးကြီးလေးငါးယောက် ဝိုင်းဝန်းချက်ပြုတ်နေကြတာ တွေ့ရတယ်။ အစားအသောက်တွေကလည်း ကောင်းလှပါတယ်။ နှစ်တစ်ရာသီးနဲ့ ပေါင်းချက်ထားတဲ့ ကြက်သား၊ ဘဲပေါင်း၊ ငါးဟင်း၊ အသီးအရွက်ဟင်း စသဖြင့် ဟင်းဆယ့်လေးငါးမျိုး ချက်ပြုတ်ထားတာကို တစ်ဝကြီး စားမြိန်ခဲ့တယ်။

ထမင်းစားပြီးတော့ ကွန်ကရစ်လမ်းအတိုင်း ကျေးရွာတစ်ပတ် လှည့်လည်လမ်းလျှောက်ကြတယ်။ ရာသီဥတုကြောင့်ရယ်၊ ရွက်ဝါတွေအပြည့်နဲ့ လှပလှတဲ့ နှစ်တစ်ရာပင်အရိပ်လေးတွေကြောင့်ရယ် တစ်နာရီခွဲလောက် လမ်းလျှောက်ကြည့်ပေမယ့် မောပန်းနွမ်းနယ်မှု မရှိခဲ့ဘူး။ အဲဒီမှာ တစ်ကိုယ်တော် တူရိယာပစ္စည်း တီးခတ်ပြီး ဖျော်ဖြေတင်ဆက်နေတဲ့သူ၊ အတူဓာတ်ပုံတွဲရိုက်ရင် ၁၀ ယွမ်ပေးရတဲ့ စွန်းဝူခုန်း၊ ပါကဲ့ပုံစံ ဝတ်ဆင်ထားသူတွေလည်း တော်တော်များများ တွေ့ရတယ်။

ရွာလမ်းတွေအားလုံးက ကုမ္ပဏီကခင်းကျင်းပေးထားတဲ့ ကွန်ကရစ်လမ်း၊ ကွန်ကရစ် ရေမြောင်းနဲ့၊ စနစ်တကျ ကာရံထားတဲ့ ကျောက်စီတံတိုင်း၊ အုတ်တံတိုင်းတွေနဲ့၊ စနစ်တကျရှိတဲ့ ဈေးဆိုင်တန်းတွေနဲ့။

ဧည့်လမ်းညွှန်ရှင်းပြတာက ဒီရွာလေးကို အောက်တိုဘာကနေ ဇန်နဝါရီလအထိ ဒီလေးလတာကာလအတွင်း ခရီးသွား ဧည့်သည်တွေလာကြတယ်။ ဒီရွာကို ၂၀၁၅ခုနှစ်မှာ ကုမ္ပဏီတစ်ခုက လမ်းတွေ၊ ဈေးဆိုင်တွေ စတင်ပြင်ဆင်ပေးထားတယ်။ ရွာကို လေ့လာဖို့ တစ်ဦးကို ယွမ် ၆၀ ပေးရတယ်။ ဈေးဆိုင်လေးရာရှိပြီး ကျေးရွာကအပြင် အခြားပြင်ပက ရတနာကုန်သည်၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင် လာဖွင့်သူတွေနဲ့။ ဆိုင်ခန်းငှားခကလည်း သိပ်တော့ မများလှပါဘူး။ ရရှိတဲ့ အကျိုးအမြတ်ကိုတော့ ကုမ္ပဏီရယ်၊ အစုရှယ်ယာဝင်ထားတဲ့သူတွေရယ် ခွဲဝေယူတယ်လို့ သိခဲ့ရတယ်။

ရွက်ဝါတွေဝေနေတဲ့ ကျေးရွာလေး၊ ကွန်ကရစ်လမ်းကျဉ်းလေးတွေ၊ အုတ်စီတံတိုင်းတွေ၊ တိတ်ဆိတ်အေးချမ်းလှတဲ့ပတ်ဝန်းကျင်မို့ စိတ်ကူးယဉ်အချစ်ဝတ္ထုလေးတွေ ထိုင်ရေးဖို့တော့ တော်တော်ကောင်းမယ့်နေရာလို့ မှတ်ချက်ပြုမိတယ်။

ထိန်ချုံးမြို့ ရေပူစမ်းကိုလည်း ရောက်ခဲ့တယ်။ တစ်နှစ်ကို ဧည့်သည် ၁၄ ဒသမ ၅ သန်းကျော် လာရောက်တယ်လို့ သိရတယ်။ တစ်ယောက်ကို ယွမ် ၆၀ ပေးရတယ်။ တစ်နာရီကျော်လောက် အတက်အဆင်း လုပ်ရတယ်။ လမ်းတစ်လျှောက်မှာတော့ အပူငွေ့တွေ ပျံ့လွင့်နေတဲ့ ရေပူစမ်းလေးတွေ မကြာခဏတွေ့ရတယ်။ လမ်းတစ်ဝက်လောက်မှာ ရေကူးကန်နဲ့ ရေစိမ်ကန်တွေလည်း လုပ်ပေးထားတယ်။ ထူးထူးခြားခြားကတော့ တစ်နေရာမှာ ရေကန် နှစ်ကန် လုပ်ပေးထားပြီး ဧည့်လမ်းညွှန်မလေး ရှင်းပြတာက ဒီမှာ သားယောကျ်ားလေး လိုချင်သူ၊ သမီးမိန်းကလေးလိုချင်သူတွေ သောက်ကြတယ်လို့ဆိုတယ်။ တန်းစီပြီး အမျိုးသားတွေကော အမျိုးသမီးတွေပါ သောက်နေကြတာ တွေ့ခဲ့တယ်။ ဧည့်လမ်းညွှန်ကိုယ်တိုင် ဒီရေကိုသောက်ပြီး သားယောကျ်ားလေး ရပြီးပြီတဲ့။ အခု သမီးမိန်းကလေး ထပ်လိုချင်လို့ နေ့စဉ် ဒီရေကို လာလာသောက်တယ်လို့ အတည်ပြုပြောပြတယ်။ ဒါကတော့ အရှေ့တိုင်းရဲ့ အမြဲတွေ့နေကြ ယုံကြည်မှုလေးတစ်ခုပါပဲ။

ရေပူစမ်းဧရိယာထဲမှာ ဟိုတယ်ပုံစံအဆောက်အအုံတွေ တွေ့ရပြီး ရေပူနဲ့ အနှိပ်ခန်းတွေ၊ ဆေးအနှိပ်ခန်းတွေ ရှိတယ်လို့ သိခဲ့ရတယ်။ ကျွန်တော်တို့အားလုံးကတော့ တစ်နာရီကျော်ကျော်လောက် လမ်းလျှောက်ပြီး နည်းနည်းဆာလောင်လာတဲ့အချိန်မှာ ဆိုင်တစ်ဆိုင်မှာနားတော့ ဆိုင်ကလာချပေးတဲ့ ကြက်ဥပြုတ်၊ ငုံးဥပြုတ်နဲ့ အာလူးပြုတ်ကို အားပါးတရ စားမိကြတယ်။ အရသာရှိလိုက်တာလို့ သဘောကျမိတယ်။

**ကိုဒင်ရေ**

ခရီးစဉ် ၅ ညအိပ် ၆ ရက်ခရီးမှာ ထိန်ချုံးမြို့မှာ ကျွန်တော်တို့ နှစ်ရက်ကြာခဲ့တာပေါ့။ ထိန်ချုံးမြို့လေးအကြောင်း နည်းနည်းမိတ်ဆက်ပေးချင်သေးတယ်။ ထိန်ချုံးမြို့မှာ လူဦးရေ ခုနစ်သိန်းလောက်ရှိပြီး တိုင်းရင်းသားလူဦးရေကတော့ ငါးသောင်းခွဲလောက်ရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံနဲ့ ရေမြေချင်းဆက်နေပြီး နယ်စပ်မျဉ်းကြောင်းအရှည်က ကီလိုမီတာ ၁၅၀ နီးပါးရှိတယ်။ မြစ်ကြီးနားမြို့နဲ့ ကီလိုမီတာ ၂၀၀ အကွာမှာရှိပြီး မြန်မာ-အိန္ဒိယနယ်စပ် လီဒိုမြို့နဲ့ ၆၀၂ ကီလိုမီတာ အကွာအဝေးမှာရှိတယ်။ တရုတ်ပြည်ကြီးရဲ့ တောင်အာရှနဲ့ အရှေ့တောင်အာရှကို ထွက်တဲ့ တံခါးပေါက်နေရာမှာရှိတာမို့ အဓိကကျတဲ့နေရာ တစ်ခုလည်းဖြစ်တာပေါ့။

စာမျက်နှာ ၇ သို့

# နှစ် ၅၀ ကျော်က စာရေးဆရာစာပေကလပ်

## ရဲသျှမ်း

ရန်ကုန်မြို့ ဘားလမ်း အမှတ်(၂၂၁)မှာ စာရေးဆရာစာပေကလပ်ဆိုတာရှိခဲ့ဖူးတယ်။ စာရေးဆရာစာပေကလပ်ကို ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့မှာ ဖွဲ့စည်းခဲ့တယ်။

ဆရာကြီးဇေယျက စာရေးဆရာတွေအချင်းချင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်ဖို့ စာပေပြန့်ပွားဖို့ဆိုတဲ့ ရည်ရွယ်ချက်ရှိလေတော့ စာရေးဆရာစာပေကလပ်ဖွဲ့စည်းဖို့ တိုက်တွန်းအကြံပေးရာက ဖြစ်တည်လာတာပါ။

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့က (၄၉)လမ်းမှာရှိတဲ့ စည်သူပညာရိပ်သာမှာ စာရေးဆရာများအစည်းအဝေးတစ်ရပ်ကျင်းပခဲ့တယ်။ ဆရာဆရာမ ၃၇ ဦး တက်ရောက်ခဲ့တယ်။ အဲ့ဒီအစည်းအဝေးမှာ ဆရာမကြီးဂျာနယ်ကျော်မမလေးကအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါတယ်။

အစည်းအဝေးမတက်နိုင်ခဲ့တဲ့ ဆရာဦးမျိုးမင်း၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့က အစည်းအဝေးမတက်နိုင်ပေမယ့် ကလပ်လုပ်ငန်းအတွက် ဦးဆောင်တာဝန်ယူပေးမယ်လို့ဆိုပါတယ်။

အဲဒီခေတ်အခါက ဆရာကြီး ဆရာမကြီးများရဲ့ ညီညွတ်မှု၊ ချစ်ခင်မှု၊ အပြန်အလှန်လေးစားတန်ဖိုးထားမှုကို တွေ့ရမှာဖြစ်တယ်။ ခရီးလွန်နေတဲ့ စာရေးဆရာတွေကလည်း စာရေးဆရာစာပေကလပ်ရဲ့ ကျရာတာဝန်ကို ထမ်းဆောင်ပေးမယ်လို့ ကြိုတင်အကြောင်းကြားပေးခဲ့တယ်။ ကြိုတင်လက်မှတ်လည်း ထိုးပေးကြတယ်။

ကလပ်ဖွဲ့စည်းပြီဆိုတော့ အသင်းအဖွဲ့ရဲ့မူအတိုင်း ကော်မတီဖွဲ့တယ်။ ကလပ်ရဲ့သဘာပတိအဖွဲ့ဝင်တွေကတော့ ဆရာဇေယျ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဦးထင်ဖတ်၊ ဦးမျိုးမင်းတို့ပဲ ဖြစ်ပါတယ်။

ကော်မရှင်ငါးခု ဖွဲ့စည်းထားတာဆိုတော့ စာရေးဆရာများကိုယ်တိုင်နှစ်သက်တဲ့ ကော်မရှင်ထဲပါဝင်ဖို့ ဖိတ်ခေါ်တဲ့အခါ -

(၁) စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲကော်မရှင်မှာ မြသန်းတင့်၊ ဂုဏ်ဝင်း၊ ညွန့်ဝေ(ကသာ)၊ မောင်စည်သူ၊ မောင်ဆွေတင့်၊ မောင်ကြည်ဆွေ၊ ဗန်းမော်တင်အောင်၊ မင်းရှင်၊ အောင်စိုး၊ နေသွေးနီ၊ ခင်ဆွေဦးတို့ ပါဝင်လာပါတယ်။

(၂) စာပေအရေးအသားသင်တန်း(ကလောင်သစ်သင်တန်း) ကော်မရှင်မှာတော့ ဆရာသော်တာဆွေတစ်ဦးတည်း ရှိခဲ့ပါတယ်။

(၃) စာရေးဆရာများ၏ စာပေမှတ်တမ်းစုဆောင်းရေးကော်မရှင်မှာ သိပ္ပံစိုးလှ၊ ငွေလင်း၊ ဦးသန်းထွန်း၊ တင့်ဆွေ၊ သိခ်၊ ပါရဂူ၊ မြဝဇီ၊ တင်စိုး၊ မန်းတင်၊ နတ်နွယ်၊ သန်းဆွေ၊ ခင်နှင်းယုတို့ပါဝင်ခဲ့ကြပါတယ်။

(၄) စာပေပြပွဲ၊ ပြိုင်ပွဲကော်မရှင်မှာ မန်အောင်ပီယ၊ ဒဂုန်တာရာ၊ အောင်စိုးတို့ ပါဝင်လာပါတယ်။

(၅) ဘဏ္ဍာရေးကော်မရှင်မှာ ယုဇနမောင်ခိုင်၊ သခင်မြသန်း၊ နီနီယဉ်တို့ ပါဝင်ကြပါတယ်။

အဲသည်ခေတ်ကာလ စာပေရပ်ဝန်းမှာ အထင်ကရဖြစ်ခဲ့တဲ့ ဆရာဆရာမတွေ ပါဝင်ဖွဲ့စည်းနိုင်ခဲ့တဲ့ စာပေကလပ်တစ်ခုဖြစ်ခဲ့ပါတယ်။

သည်ဘက်ခေတ်မှာ အကြီးဆုံးအဖွဲ့အစည်းကြီးဖြစ်တဲ့ "မြန်မာနိုင်ငံစာရေးဆရာအသင်း"နဲ့ ချိန်ထိုးကြည့်စေချင်တယ်။ တချို့သော မြို့နယ်တွေမှာ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ဆိုတဲ့သူတွေ ဘယ်တုန်းက ဘာစာရေးခဲ့မှန်းတောင်မသိရ။ လက်ရှိလည်းမရေး။ ဒါပေမယ့် အဖွဲ့မှာတော့ နေရာယူထားကြတာကို တွေ့နေရပါတယ်။ (ကျွန်တော်က အသင်းဝင်မဟုတ်ပါ။)

စာရေးဆရာစာပေကလပ်ရဲ့ စာပေလှုပ်ရှားမှုတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးကတော့ စာပေဆွေးနွေးပွဲတွေပဲဖြစ်ပါတယ်။ သာခုကန်၊ ဆန်းကဖီးတို့မှာ ဆွေးနွေးခဲ့ကြတာပဲဖြစ်ပါတယ်။ စာရေးဆရာစာပေကလပ်ရဲ့ဆွေးနွေးပွဲများမတိုင်မီမှာ စာပေဗိမာန်မှာလည်း စာပေဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ လုပ်ခဲ့ကြတယ်လို့လည်း မှတ်သားခဲ့ဖူးပါတယ်။

ဆရာဒေါက်တာသန်းထွန်းရဲ့ ကမ္ဘာကျော်စကားဖြစ်တဲ့ သမိုင်းသင်တာမ အအောင်လို့ ဆိုတဲ့စကားဟာ စာပေဆွေးနွေးပွဲတစ်ခုကနေထွက်ပေါ်လာခဲ့ တာပဲဖြစ်ပါတယ်။

စာပေဆိုင်ရာအဖွဲ့အစည်းတွေ ဖွဲ့ပြီးရင် သည်အတိုင်းရပ်နေဖို့မသင့်ဘူး။ စာပေလှုပ်ရှားမှုတွေ ရှိရပါမယ်။ စာတမ်းဖတ်ပွဲ၊ စာပေစကားဝိုင်း၊ အလုပ်ရုံဆွေးနွေးပွဲစတဲ့ လှုပ်ရှားမှုတွေကနေ စာဖတ်သူတွေကို ဆွဲဆောင်နိုင်ဖို့လိုပါတယ်။ မျိုးဆက်သစ်တွေအတွက် စာပေရေးသားနိုင်ရေး အခွင့်အလမ်းတွေဖော်ဆောင်ပေးရပါလိမ့်မယ်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ အာဏာမသိမ်းမီက "စာရေးဆရာစာပေကလပ်" ဆိုတာပေါ်ပေါက်ခဲ့ဖူးတယ်။ အောင်မြင်ထင်ရှားပြီးဖြစ်တဲ့ ဆရာဆရာမတွေ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့ကြတယ်။ အာဏာသိမ်းခံရပြီး အဖွဲ့ဖျက်သိမ်းခံရလို့သာ "စာရေးဆရာစာပေကလပ်" ပျောက်ကွယ်သွားခဲ့ပေမယ့် သမိုင်းမှာတော့ အထင်ကရကျန်ခဲ့တဲ့ အဖွဲ့ပဲဖြစ်ပါတော့တယ်။

**စာကိုး - မိတ္ထီလာတက္ကသိုလ် စာကြည့်တိုက်မှူးဦးဝင်းတင့်၏ ဆရာမင်းသုဝဏ် (၁၉၆၁-၆၂)မှတ်စုမှတ်တမ်း။**


စာရေးဆရာ စာပေကလပ်
ဖွဲ့စည်းတည်ထောင်သော အစည်းအဝေး
( မှတ်တမ်း )

**စာရေးဆရာစာပေကလပ်ရဲ့ စာပေလှုပ်ရှားမှုတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးကတော့ စာပေဆွေးနွေးပွဲတွေပဲဖြစ်ပါတယ်။ သာခုကန်၊ ဆန်းကဖီးတို့မှာ ဆွေးနွေးခဲ့ကြတာပဲဖြစ်ပါတယ်။ စာရေးဆရာစာပေကလပ်ရဲ့ဆွေးနွေးပွဲများမတိုင်မီမှာ စာပေဗိမာန်မှာလည်း စာပေဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ လုပ်ခဲ့ကြတယ်လို့လည်း မှတ်သားခဲ့ဖူးပါတယ်။**

**စာရေးဆရာစာပေကလပ် ဖွဲ့စည်းတည်ဆောက်သော အစည်းအဝေး မှတ်တမ်းမူရင်း။**

**စာမျက်နှာ ၆ မှ**

တစ်ချိန်က စတီးဝဲလ် လမ်းမကြီးလို့ခေါ်တဲ့ ကူမင်းကနေ ထိန်ချုံးကို ဖြတ်ပြီး မြစ်ကြီးနား၊ အိန္ဒိယနိုင်ငံ လီဒိုအထိ တရုတ်- မြန်မာ - အိန္ဒိယနိုင်ငံတကာ လမ်းမကြီးထဲက ကူမင်း- ထိန်ချုံး- မြစ်ကြီးနားလမ်းပိုင်းက အဆင့်မြင့်လမ်းအဖြစ် တစ်လမ်းလုံးခင်းပြီးနေပြီလို့ သိရပါတယ်။ မြစ်ကြီးနား-အိန္ဒိယနိုင်ငံ ပန်ဆောင်အပိုင်းကတော့ အခုနှစ်တွေအတွင်း ဖောက်လုပ်ပြီးစီးမယ်လို့ ပြောပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၄၀၀ ကျော်က ရှေးခေတ်တရုတ်နိုင်ငံသားတွေ ဖောက်လုပ်ခဲ့တဲ့ အနောက်ပိုင်း ပိုးလမ်းမကြီးက ထိန်ချုံးကနေ မြန်မာနိုင်ငံအတွင်းဝင်ပြီး တောင်အာရှနိုင်ငံအသီးသီးကို ရောက်ရှိတယ်လို့ သိရတယ်။

ထိန်ချုံးက ကျောက်စိမ်းအချောကိုင်ခြင်းကို အစောဆုံးလုပ်ကိုင်ခဲ့ပြီး အခုဆိုရင် နှစ် ၆၀၀ သမိုင်းရှိခဲ့ပြီလို့ဆိုတယ်။ ထိန်ချုံးရဲ့ ရတနာသုံးပါးဖြစ်တဲ့ ထိန်ချုံးဆေးဝါး၊ ကြိမ်ထိုးလုပ်ငန်း၊ ထိန်ရွှင်စက္ကူလုပ်ငန်းတွေက ပြည်တွင်း၊ ပြည်ပမှာ ထင်ရှားကျော်ကြားပြီး ရောင်းကောင်းခဲ့တယ်တဲ့။

ထိန်ချုံးကို ကမ္ဘာပေါ်မှာ နာမည်ကျော်ကြားပြီး ပြည်တွင်းမှာ ထိပ်တန်းဖြစ်တဲ့ ကျန်းမာရေး အနားယူစခန်းဖြစ်လာအောင် ထူထောင်ဖို့ ဦးတည်ချက်ချမှတ်ထားတယ်တဲ့။ ဒါကလည်း အတုယူစရာကောင်းတဲ့အရာတစ်ခုလို့ မြင်မိတယ်။ ထိန်ချုံးခရီးသွားလုပ်ငန်းကို လည်ပတ်ကြည့်ရှုမှုကနေ အနားယူစရာ၊ အလုပ်၊ ကျောင်းနားရက် လည်ပတ်စရာ၊ ကျန်းမာရေးတည်ဆောက်ရာ၊ အသက်ရှည်စေရာ၊ လူအိုများနားနေရာ စတဲ့လက္ခဏာဆောင်စေဖို့ပါ လုံးပမ်းဆောင်ရွက်လျက်ရှိတယ်တဲ့။

Stone Forest Scenic Area,၊ ရှေးဟောင်းမြို့ဟော်ရွှင့်၊ ဂျင်ဂိုပင်ကျေးရွာနဲ့ အခုရေပူစမ်းတို့မှာ တွေ့ရသလောက်ကတော့ ရာနဲ့ချီရှိတဲ့ ဘာဂီမောင်းနှင်သူတွေထဲမှာ အများစုက အမျိုးသမီးတွေ၊ ဧည့်လမ်းညွှန်အများစုက အမျိုးသမီးတွေ၊ သန့်ရှင်းရေးဝန်ထမ်းအများစုက အမျိုးသမီးတွေ၊ လုံခြုံရေးလုပ်နေသူတွေ တစ်ဝက်လောက်က အမျိုးသမီးတွေချည်း ဖြစ်နေတာကို သတိထားမိတယ်။ ဈေးရောင်းသူတွေကတော့ အထူးပြောနေစရာမလိုပါဘူး။ အမျိုးသမီးတွေပါ၊ အလုပ်အကိုင်တွေရပြီး ကဏ္ဍတစ်ခုအနေနဲ့ တစ်တပ်တစ်အားပါဝင်လုပ်ကိုင်နေတာ အားရမိတယ်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကြောင့် လူတန်းစားအားလုံး အလုပ်အကိုင်အခွင့်အလမ်းတွေရတာ ကျွန်တော်တို့အားလုံး သိပြီးသားမို့ အထူးပြောစရာ မလိုပါဘူး။ အခုလည်း ကျွန်တော်တို့နိုင်ငံမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် စာတမ်းတွေဖတ်ကြ၊ ဆွေးနွေးပွဲတွေလုပ်ကြ၊ တစ်နိုင်တစ်ပိုင် တီထွင်ကြံဆကြနဲ့ လုပ်နေတာကိုလည်း မြင်ပါတယ်။ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ အစိုးရတစ်ရပ်တည်း၊ ခရီးသွားလုပ်ငန်းနဲ့ သက်ဆိုင်သူတွေသာမက ရပ်ကွက်၊ မြို့နယ်အဆင့်တာဝန်ရှိသူတွေ၊ ပြည်သူတွေအားလုံးကပါ ပူးပေါင်းပြီး အားလုံးရဲ့ တီထွင်နိုင်စွမ်း၊ ထုတ်ဖော်နိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတွေအပေါ်မှာပါ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဟာ မူတည်နေတယ်လို့ အကြံပြုပြီး ကျွန်တော့်ရဲ့ ယူနန်ပြည်နယ်ခရီးစဉ် ဆောင်းပါးတွေကို ဒီမှာပဲ အဆုံးသတ်လိုက်ပါတယ်။ ။

*

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဆွေးနွေးပွဲများကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၅**

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဆွေးနွေးပွဲများ (Launching Ceremony on End TB Strategy and National TB Strategic Plan) (၂၀၁၆-၂၀၁၇) အခမ်းအနားကို မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း (၇၀) (၂၇)လမ်းနှင့် (၂၈)လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ အထက်မြန်မာပြည်တီဘီဆရာဝန်ကြီး ညွှန်ကြားရေးမှူး ဒေါက်တာစောသိန်း၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒု-တိုင်းဦးစီးမှူး ဒေါက်တာမျိုးသန့်ခိုင်နှင့် တာဝန်ရှိသူများက TB Strategy and National TB Strategic Plan များကို မိမိတို့အခန်းကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းဆွေးနွေးကြသည်။



ကမ္ဘာ့မှတ်တမ်းများအရ တီဘီရောဂါသည် ဘီစီ-၃၇၀၀ခန့်ကစပြီး ကမ္ဘာမြေတွင် စတင်ကူးစက်ခဲ့ပြီး အဆိုပါရောဂါပိုးကို ၁၈၈၂ ခုနှစ် မတ်လ ၂၄ ရက်တွင် ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့ (Robert Koch)က စတင်တွေ့ရှိခဲ့ပြီး နှစ်ပေါင်း ၄၀ အတွင်း ဘီစီဂျီကာကွယ်ဆေးကို လည်းကောင်း နှစ်ပေါင်း ၆၀ အကြာတွင် တီဘီရောဂါကုသနိုင်မည့် တီဘီရောဂါကာကွယ်ဆေးကို ရှာဖွေတွေ့ရှိလာခြင်းဖြစ်သည်။

World Health Assembly က ၂၀၁၄ခုနှစ် မေလတွင် အတည်ပြုခဲ့သော End TB Strategy- အဓိကရည်မှန်းချက်များကို ၂၀၃၅ ခုနှစ်တွင် ပြည့်မီနိုင်ရန် မိမိတို့နိုင်ငံအနေဖြင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးငါးနှစ်စီမံကိန်း National TB Strategic Plan ( 2016-2020)ကို ရေးဆွဲအတည်ပြုကာ အများပြည်သူများ တီဘီရောဂါကင်းဝေးစေရေးအတွက် လိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်ရာ အများပြည်သူတို့မှ လိုအပ်သလို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရသည်။ **ကျော်စိုးဦး(မန္တလေး)**

## ပြည်တွင်းရေးရာ

❋ ကျောဖုံးမှ

ထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရတနာဂီရီမြို့ Indian Coast Guard Station လေယာဉ်ကွင်းသို့ ရောက်ရှိသည်။ လေယာဉ်ကွင်းတွင် ရတနာဂီရီခရိုင်အုပ်ချုပ်ရေးမှူး Collector and District Magistrate of Ratanagri District ဖြစ်သူ Mr. Pradeep၊ Indian Coast Guard Station မှ Commandant S M Singh နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ရတနာဂီရီမြို့သည် အိန္ဒိယနိုင်ငံ၏ အနောက်ဘက်ကမ်းခြေ Maharashtra ပြည်နယ်၏အနောက်တောင်ဘက် ရတနာဂီရီခရိုင် အာရေဘီယံ ပင်လယ်ကမ်းခြေပေါ်တွင် တည်ရှိသည့် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကိုလိုနီဘဝကျရောက်ပြီးနောက် သီပေါမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်၊ ညီမတော် စုဖုရားကလေးနှင့် သမီးတော် ၄ ပါးတို့အား ဗြိတိသျှတို့မှ ဖမ်းဆီးခေါ်ဆောင်ကာ ၁၈၈၅ ခုနှစ်မှစ၍ အကျဉ်းချထိန်းသိမ်းထားခဲ့သည့် မြို့တစ်မြို့ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

Mr.Philippe Kridelka အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘယ်လ်ဂျီယံနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr.Philippe Kridelka ကို ၁၉၆၀ ပြည့်နှစ် မေလ ၁၈ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ Charleroi မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဥပဒေဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့ပြီး ၁၉၈၇ ခုနှစ် အောက်တိုဘာလတွင် ဘယ်လ်ဂျီယံနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း ဘယ်လ်ဂျီယံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တီဟီရန်မြို့နှင့် ဝါဆောမြို့ရှိ ဘယ်လ်ဂျီယံသံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး၏ သံတမန် အကြံပေးအဖြစ် လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံကိုယ်စားလှယ်ရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်၏ အလုပ်သမားရေးရာမူဝါဒနှင့် ကျား/မတန်းတူညီမျှရေးဆိုင်ရာ သံတမန် အကြံပေးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

Mr.Philippe Kridelka သည် ၂၀၀၂ ခုနှစ်မှ စတင်ပြီး စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံ သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ UNESCO ဆိုင်ရာ ဘယ်လ်ဂျီယံအမြဲတမ်း ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ UNESCO ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် နယူးယောက်မြို့ရှိ UNESCO ဆိုင်ရာ ကိုယ်စားလှယ်ရုံးတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလမှ လက်ရှိအချိန်အထိ ဘယ်လ်ဂျီယံနိုင်ငံဘုရင်၏ အိမ်တော်ရေးရာ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

Mr.Philippe Kridelka သည် ပြင်သစ်၊ အင်္ဂလိပ်၊ ဒတ်ချ်၊ ဂျာမန်ဘာသာစကားတို့ကိုပြောဆိုနိုင်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ကာ သားတစ်ယောက်ရှိသည်။

**(သတင်းစဉ်)**

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၆၉)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့နှင့် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော်(လေ) ဝတ်စုံကို ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားသည်။



ယခုအကြိမ် လွှဲပြောင်းပေးအပ်သည့် Beech 1900 D လေယာဉ် လေးစင်းနှင့် EC 120 B ရဟတ်ယာဉ် လေးစင်းတို့ အပါအဝင် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနား စုစုပေါင်း ရှစ်ကြိမ်ပြုလုပ်၍ လေယာဉ်အမျိုးအစား ခြောက်မျိုး၊ စုစုပေါင်းလေယာဉ် ၅၅ စင်း၊ ရဟတ်ယာဉ်အမျိုးအစားလေးမျိုး၊ စုစုပေါင်း ရဟတ်ယာဉ် ၁၄ စင်းတို့အား တပ်မတော်(လေ)သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းအောင်က လေယာဉ်/ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ယင်းနောက် လေယာဉ်/ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်း ကျင်းပသည်။

ဇီဝိတဒါနငှက်လွှတ်ခြင်း ဆောင်ရွက်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ငှက်အကောင်ရေ ၆၉ ကောင်ကို ဘေးမဲ့လွှတ်ပေးကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် လေယာဉ်နှင့်ရဟတ်ယာဉ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် Static Display၊ (၆၉)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဓာတ်ပုံပြခန်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။(အပေါ်ပုံ)

**(သတင်းစဉ်)**

❖

## မောင်တောမြို့နယ်၌ ရခိုင်ပြည်နယ်နေ့အခမ်းအနား စည်ကားစွာကျင်းပ

**မောင်တော ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ်တွင် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့် ရခိုင်ပြည်နယ်အလံတို့ကို အလေးပြုကြပြီး သဘာပတိ ဦးမောင်အုန်းကြည်က ရခိုင်ပြည်နယ်နေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် ရခိုင်ပြည်နယ်နေ့သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသည် (၄၂)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်တစ်ဝန်းရှိ မြို့နယ်အားလုံး၌ စည်ကားစွာ ကျင်းပကြကြောင်း သိရသည်။

**ဇေယျာ(မိုင်ရာ)၊ တင်မောင်လွင်(မြန်မာ့အလင်း)**




## ကျေးလက်ဒေသ လမ်း၊ တံတား လုပ်ငန်းများဆောင်ရွက်

**အုတ်ဖို ဒီဇင်ဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသ လမ်း၊ တံတား၊ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လမ်းလုပ်ငန်း ရှစ်ခု၊ တံတားလုပ်ငန်း ၁၂ခု၊ ရေပေးရေးလုပ်ငန်း ငါးခုတို့ကို ရန်ပုံငွေကျပ် ၄၄၄ ဒသမ ၄၀၅ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများ ချောမွေ့စွာ ဆောင်ရွက်နိုင်ပြီး ဒေသခံပြည်သူများအကျိုးရှိစွာ အသုံးပြုနိုင်ရန် ကျေးရွာများတွင် ကော်မတီများဖွဲ့စည်းပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ညှိနှိုင်းပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



## မောင်တောခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**မောင်တော ဒီဇင်ဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်နှင့် အဖွဲ့သည် ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ရေချိုရေငန် ငါးသားဖောက်စခန်း၊ ရေငန်ပုစွန်သားဖောက်စခန်းများကို ယနေ့တွင် လှည့်လည်စစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်နှင့်အဖွဲ့သည် ဘူးသီးတောင် ရေချိုငါးသားဖောက်စခန်း၌ ငါးကန်များ အသစ်ဖော်ထုတ်မှု၊ မောင်တောမြို့ရှိ မြို့သူကြီး ရေချိုငါးသားဖောက်စခန်းနှင့် အလယ်သံကျော် ရေငန်ပုစွန်သားဖောက်စခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကမ်းနီးငါးဖမ်းလှေ (စက်တပ်) ၂၀၀ ကျော်နှင့် စက်မဲ့ငါးဖမ်းလှေ ၁၉၀၀ ကျော်ဖြင့် ငါးဖမ်းဆီးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ရေငန်ပုစွန်မွေးမြူရေးကန် ဧက ၁၅၀၀၀ ကျော်ကို သမားရိုးကျစနစ်မှ ပြုပြင်ထားသောနည်းစနစ်သို့ ပြောင်းလဲနိုင်ရေး နည်းပညာပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဒီရေတောစိုက်ပျိုးထိန်းသိမ်းခြင်း၊ သဘာဝရေပြင်သို့ ၁၀၀ ဂရမ်အောက် ရွှံ့ဂဏန်းလွှတ်ခြင်း၊ ငါးမျိုးများစိုက်ထည့်ပေးခြင်း၊ ငါးဖမ်းကိရိယာ ကြီးကြပ်စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်း စသည်တို့ကို အချိန်အခါအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာ(မိုင်ရာ)၊ တင်မောင်လွင်(မြန်မာ့အလင်း)**

ပြည်တွင်းရေးရာ

## ရှမ်းမြောက်ဒေသရှိ စစ်ဘေးရှောင်စခန်းများတွင် ကျန်ရှိသောအိမ်ထောင်စု၊ လူဦးရေစာရင်း

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်းဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများ စစ်ဘေးရှောင်စခန်းများတွင် ခေတ္တတည်းခိုနေထိုင်ခဲ့ကြရာ ဒီဇင်ဘာ ၁၅ ရက်အထိ စစ်ဘေးရှောင်စခန်းများတွင် ကျန်ရှိနေသေးသော အိမ်ထောင်စု၊ လူဦးရေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

၁၅-၁၂-၂၀၁၆ ရက်ထိ ရှမ်းမြောက်ဒေသရှိ စစ်ဘေးရှောင်စခန်းများတွင် ကျန်ရှိသော

အိမ်ထောင်စု၊ လူဦးရေ စာရင်းဇယား

| စဉ် | မြို့ | စစ်ဘေး ရှောင် စခန်း | အိမ်ထောင် စု | လူဦးရေ | | |
|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း |
| ၁ | လားရှိုး | ၈ | ၈၁ | ၁၄၂ | ၂၃၀ | ၃၇၂ |
| ၂ | မူဆယ် | ၅ | ၁၃၇ | ၉၉ | ၂၀၂ | ၃၀၁ |
| ၃ | ကျောက်မဲ | ၂ | ၄၈ | ၇၅ | ၁၀၆ | ၁၈၈ |
| ၄ | နမ္မတူ | ၅ | ၃၅၀ | ၆၁၄ | ၇၃၃ | ၁၃၄၇ |
| ၅ | မန်တုံ | ၃ | - | ၄ | ၃၉ | ၄၃ |
| ၆ | နောင်ချို | ၁ | ၇၈ | ၉၄ | ၁၂၇ | ၂၂၁ |
| ၇ | သီပေါ | ၁ | ၃၅ | ၇၇ | ၅၀ | ၁၂၇ |
| ၈ | မုံးကိုး | ၁ | ၆၄ | ၁၄၉ | ၁၅၅ | ၃၀၄ |
| စုစုပေါင်း | | ၂၆ | ၇၉၃ | ၁၂၅၀ | ၁၇၀၂ | ၂၉၀၃ |




## တပ်မတော်စစ်ကြောင်းများအား KIA /TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များ၊ အဝေးထိန်းစနစ်မိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ နမ္မတူမြို့၏မြောက်ဘက် ၁၀ မိုင်ခန့်အကွာရှိ ပန်ဝါကျေးရွာအနီး၌ ခေတ္တအခြေပြုနေသည့် တပ်မတော်စစ်ကြောင်းများအား ဒီဇင်ဘာ ၁၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် KIA / TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့ အင်အား ၈၅ ဦးခန့်က နေရာ နှစ်နေရာဖြန့်ခွဲ၍ လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်အဖွဲ့များသည် အရှေ့ဘက်သို့ ဆုတ်ခွာသွားသည်။

၎င်းတို့ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းတိုက်ခိုက်စဉ် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ပန်ဝါကျေးရွာအနီးတစ်ဝိုက်ရှိ တောင်ကုန်းများမှ KIA / TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့အင်အား ၁၆၀ ခန့်က နေရာ သုံးနေရာဖြန့်ခွဲ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်က လေကြောင်းပစ်ကူရယူ၍ ပြန်လည်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်အဖွဲ့များသည် အနောက်ဘက်နှင့် အရှေ့ဘက်သို့ ဖြန့်ခွဲဆုတ်ခွာသွားခဲ့သည်။

အလားတူ သိန္နီမှ လားရှိုးသို့ ပုံမှန်အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ထွက်ခွာလာသည့် တပ်မတော်ယာဉ်တန်းသည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် စံလောင်းရွာ၏တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် KIA / TNLA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းစနစ်မိုင်း နှစ်လုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ဖြစ်စဉ်နေရာအနီးတွင်ရှိသော ၁၂ ဘီးယာဉ် တစ်စီးအား မိုင်းစများထိမှန်ခဲ့ပြီး ယာဉ်မောင်းဖြစ်သူ မောင်နိုင်ထွန်းမှာ မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်များအတွင်း အရာရှိ၊ စစ်သည်တချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး တချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ အဆိုပါနေရာတစ်ဝိုက်သို့ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## KIA / MNDAA / TNLA / AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ အဖျက်လုပ်ငန်းများလုပ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မှ လားရှိုးသို့ ပြန်လာသည့် တပ်မတော်ရိက္ခာပို့ယာဉ်တန်းအား လားရှိုး၊ သိန္နီ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၁၉၆/၇) အနီး စံလောင်းကျေးရွာနှင့် နားဆော့ကျေးရွာအကြား၌ ဒီဇင်ဘာ ၁၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် KIA/ MNDAA/ TNLA/ AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့က မိုင်းသုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုကြောင့် ယာဉ်တန်းကြားတွင် လိုက်ပါလာသည့် Nissan ခြောက်ဘီး ကုန်တင်ယာဉ်မှ ယာဉ်မောင်း နိုင်ထွန်းသေဆုံးခဲ့ပြီး တပ်မတော်သားတစ်ဦး ကျဆုံးခဲ့သည်။

မိုင်းထောင်ဖောက်ခွဲခဲ့သည့် လက်နက်ကိုင်အဖွဲ့အား တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် လားရှိုးမြို့သို့ ထွက်ခွာလာသော တပ်မတော်ယာဉ်တန်းကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် ကွတ်ခိုင်မြို့နယ် ရှုခင်းသာရွာအနီး မိုင်တိုင် (၂၃၃/၁-၂)ကြား၌ KIA လက်နက်ကိုင်အဖွဲ့က အာရ်ပီဂျီ/၄၀ မမ/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အဆိုပါအဖွဲ့သည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြသည်။

လက်နက်ကိုင်များ၏ ပစ်ခတ်မှုကြောင့် တပ်မတော်ပိုင် မော်တော်ယာဉ်တစ်စီး ရှေ့ဘီးပေါက်ပြီး အင်ဂျင်အဖုံး လက်နက်ငယ် ထိမှန်ပျက်စီးကာ ယာဉ်တန်းကြားတွင် လိုက်ပါလာသော ၂၂ ဘီးယာဉ်မှ ယာဉ်မောင်း ဦးသန်းဌေးဦးနှင့် ယာဉ်နောက်လိုက် ဦးမင်းမင်းအောင်တို့သည် ဝဲဘက်ခြေဖမိုး၊ ဝဲ၊ ယာ လက်မောင်းတို့တွင် လက်နက်ငယ်ကျည် ရှပ်မှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၀ ရက် ည ၇ နာရီက TNLA လက်နက်ကိုင်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကျောက်မဲမြို့နယ် ပန်ကွမ်ကျေးရွာသား ၂၁ ဦး အနက် ဦးငြိမ်းပါ ၁၃ ဦးသည် ဒီဇင်ဘာ ၁၄ ရက် နံနက် ၇ နာရီတွင် ပန်ကွမ်ကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၀ ရက်က ရွာသား ၂၁ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားစဉ် ပန်ကွမ်ရွာသား အောင်မြင့်စိုးအား ထပ်မံဖမ်းဆီးခေါ်ဆောင်သွားခဲ့၍ ထိုနေ့က ဖမ်းဆီးခံရသူ ၂၂ ဦးဖြစ်ပြီး ၁၃ ဦး ပြန်လည်လွတ်မြောက်ခဲ့ကာ ကျန်ကိုးဦးအား TNLA လက်နက်ကိုင်အဖွဲ့က ဆက်လက်ဖမ်းဆီးထားဆဲဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## မောင်တောဒေသ ပြည်သူများအားကူညီရန် ပန်းရဲ့လမ်းအဖွဲ့ စစ်တွေမြို့တွင် ဂီတဖြင့်လှည့်လည်အလှူခံ

**စစ်တွေ ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောဒေသ ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန် ဂီတဖြင့် အလှူခံခြင်းကို ပန်းရဲ့လမ်းအဖွဲ့က ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက စစ်တွေမြို့ပေါ်တွင် လှည့်လည်အလှူခံလျက်ရှိကြောင်း သိရသည်။

ပန်းရဲ့လမ်းဂီတအဖွဲ့သည် ရခိုင်ပြည်နယ် ဂွမြို့မှစတင်ပြီး သံတွဲမြို့၊ တောင်ကုတ်မြို့၊ ရမ်းဗြဲမြို့၊ ကျောက်ဖြူမြို့နှင့် အမ်းမြို့တို့တွင် လှည့်လည်အလှူငွေများ လက်ခံလာရာ အလှူငွေသိန်း ၇၀ ကျော်ရရှိနေပြီဖြစ်ကြောင်း သိရသည်။ ယနေ့ဆိုလျှင် စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်ပြီး နံနက်ပိုင်းက စစ်တွေမြို့ မြို့မဈေးကြီးရှေ့နှင့် ဦးဥတ္တမပန်းခြံရှေ့တို့တွင် သီဆိုအလှူခံလျက်ရှိပြီး စစ်တွေမြို့ လူစည်ကားရာနေရာများတွင်လည်း လှည့်လည်အလှူခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းရဲ့လမ်းဂီတအဖွဲ့သည် ဂီတဖြင့် ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ရည်ရွယ်ပြီး အခုလို လှည့်လည်အလှူခံရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အဆိုပါဂီတဖြင့် အလှူခံခြင်းအဖွဲ့သည် ရခိုင်ပြည်နယ်နေ့တွင် ရရှိထားသော အလှူငွေများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## လက်နက်ကိုင်တစ်စုက ရွာသားတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်၊ လက်လုပ်မိုင်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဝန်ချောင်း ကျေးရွာအတွင်း လက်နက်ကိုင်တစ်စုက ရွာသားတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဖုန်းသတင်းပေးပို့ချက်ရရှိ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက် ည ၉နာရီ ၄၅ မိနစ်တွင် သွားရောက်စစ်ဆေးခဲ့ရာ လက်နက်ကိုင် ၁၇ ဦးခန့်က သဝန်ချောင်း မြောက်ရွာနေ အလုပ်သမားခေါင်းဆောင် ဟာဘီရော်မာန်အား ဖမ်းဆီးသွားကြောင်း သိရသည်။

ကိုးတန်ကောက် ကျေးရွာနေ မော်လဝီဇူပိုင် ခေါင်းဆောင်သည့်အဖွဲ့သည် ရွာ၏အရှေ့ဘက်မှ ဝင်ရောက်၍ ဟာဘီရော်မာန်အား ဖမ်းဆီးကာ ၎င်း၏နေအိမ်နှင့် ရွာထဲ၌ သေနတ်တစ်ချက်စီ ပစ်ဖောက်ခြောက်လှန့်ခဲ့ပြီး သဝန်ချောင်းရွာသစ်ဘက်သို့ ခေါ်ဆောင်ပြီး ၎င်းတို့တွင် သေနတ်နှစ်လက်ပါရှိကြောင်း သိရသည်။

ဟာဘီရော်မာန်၏ နေအိမ်မီးဖိုချောင်အတွင်းမှ ကျည်ခွံတစ်ခု သိမ်းဆည်းရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သဝန်ချောင်းရွာ အရှေ့ဘက် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မောင်တောမြို့နယ် လိပ်အိုင်ရွာအနီးပတ်ဝန်းကျင်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ခနိုတောအတွင်း ဝှက်ထားသည့် အလျားပေ ၉၀၊ အနံ လေးပေခွဲရှိ ပြောက်ကျားယူနီဖောင်းစပိတ်အုပ် နှစ်အုပ် ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မယင်းတောင်နှင့် မျောတောင်အနီး တောင်ကုန်းများအား ရှင်းလင်းရာ ချုံအတွင်းမှ ဆာလာအိတ်ဖြင့် ထုပ်ထားသည့် အသက်သွင်းပြီး လက်လုပ်မိုင်း နှစ်လုံး၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ကားပင်စတင် လေးလုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





## အထက်မြန်မာနိုင်ငံမှ အကျဉ်းထောင်အရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာသင်တန်းဖွင့်

**မန္တလေး ဒီဇင်ဘာ ၁၅**
အထက်မြန်မာနိုင်ငံမှ အကျဉ်းထောင်အရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာသင်တန်းကို ယနေ့ နံနက် ၈ နာရီက ဗဟိုအကျဉ်းထောင်(မန္တလေး)ရှိ အကျဉ်းဦးစီးဌာန လေ့ကျင့်ရေးသင်တန်းခန်းမ၌ ပြုလုပ်ရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးတို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြသည်။**(အပေါ်ပုံ)**

အဆိုပါသင်တန်းကို လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် Raoul Wallenberg Institute of Human Rightsand Humanitarian Law (RWI) တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး အကျဉ်းထောင်အရာရှိများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာစေရန်ဖြစ်သည်။

ဖွင့်ပွဲတွင် ဝန်ကြီးချုပ်က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသည် ခွဲခြား၍ မရသကဲ့သို့ လူသားတို့၏ မွေးရာပါအခွင့်အရေးများကို ဖြည့်ဆည်းပေးရန် အစိုးရမှမည်မျှ ဖြည့်ဆည်းနိုင်မည်လဲဆိုသည့်အချက်နှင့် ပြစ်မှုမျိုးစုံဖြင့် ရောက်ရှိလာသည့် အကျဉ်းသားများအား ကိုင်တွယ်အုပ်ချုပ်နေရသော အကျဉ်းထောင်အရာရှိများအနေဖြင့် အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ အကျဉ်းသားများသည် လူသားများပင်ဖြစ်သည်ကို သိရှိ၍ ပြုပြင်ရေးစခန်းတစ်ခုအနေဖြင့် လေ့ကျင့်သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လူ့အခွင့်အရေး အဖွဲ့အစည်းတိုင်းတွင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လူအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုသည့် အဓိကတာဝန်ကြီးနှစ်ရပ်ရှိပြီး လူ့အခွင့်အရေးမြှင့်တင်ရေးတွင် အသိပညာပြန့်ပွားရေးဆောင်ရွက်ရန်လိုအပ်ပြီး လူ့အခွင့်အရေးဖောက်ဖျက်ခံရပါက ကာကွယ်စောင့်ရှောက်မှုလည်း ရပိုင်ခွင့်ရှိကြောင်း၊ ပြည်သူများထံမှ တိုင်တန်းချက်များကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျကိုင်တွယ်ဖြေရှင်းပေးနေကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က ပြောကြားသည်။

သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အကျဉ်းထောင်လက်စွဲနှင့် လူ့အခွင့်အရေးကြေညာစာတမ်း၊ အကျဉ်းထောင်စစ်ဆေးတွေ့ရှိချက်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး အထက်မြန်မာနိုင်ငံအကျဉ်းဦးစီးဌာနမှ အကျဉ်းထောင်အရာရှိစုစုပေါင်း ၅၀ တက်ရောက်ကြ၍ သင်တန်းကို ဒီဇင်ဘာ ၁၆ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည်။ **(မင်းထက်အောင်)**

## ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စုအတွင်းရှိ မိုးပေါက်ကျရေတံခွန်သို့ လေ့လာသူများပြားလာ

**ပုသိမ်ကြီး ဒီဇင်ဘာ ၁၅**
ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု မိုးပေါက်ကျချောင်း၊ မိုးပေါက်ကျတောင်ပေါ်မှ သဘာဝအလျောက်စီးကျနေသော မိုးပေါက်ကျရေတံခွန်သို့ ယခုလအစပိုင်းမှစတင်ကာ လေ့လာသူများ၊ အပန်းဖြေသူများဖြင့် ကြိတ်ကြိတ်တိုး များပြားလျက်ရှိသည်။

အဆိုပါရေတံခွန်သည် ဒေသခံများအခေါ် မိုးပေါက်ကျတောင်ပေါ် အမြင့်ပေ ၁၀၀ နီးပါးမှ သဘာဝအလျောက်ကျဆင်းနေသည်။ ထိုရေတံခွန်၏ အောက်ခြေအဆင့်ဆင့်တွင်လည်း ရေတံခွန်ငယ်လေးများ ဖြစ်ထွန်းလျက်ရှိပြီး ရေတံခွန်ငယ်ပေါင်း လေးခုခန့်ရှိကြောင်း၊ ရေတံခွန်များသာမက ရေတိုက်စားမှုနှင့် သဘာဝဖြစ်စဉ်များကြောင့် လိုဏ်ဂူငယ်များလည်းရှိကြောင်း ဒေသခံဈေးသည်တစ်ဦးက ပြောသည်။

ရေတံခွန်သည် သုံးလကျော်လေးလနီးပါး ရေများကျဆင်းနိုင်မည်ဖြစ်ပြီး ယခင်ကတည်းက ဖြစ်ပေါ်နေသည့် ရေတံခွန်လည်းဖြစ်သည်။ သို့သော် လူသူအရောက်နည်းခြင်းကြောင့် သိရှိသူနည်းပါးလျက်ရှိရာ လူမှုကွန်ရက်များတွင် ပျံ့နှံ့လာရမှ ရပ်ဝေးရပ်နီးမှ လေ့လာအပန်းဖြေသူများဖြင့် စည်ကားလာခြင်းဖြစ်သည်။ စနေနှင့် တနင်္ဂနွေရက်များတွင် လူဦးရေ ၂၀၀၀ နီးပါး လာရောက်ပြီး ကြားရက်များတွင်လည်း တဖွဲဖွဲ လာရောက်လျက်ရှိသည်။

"ရေတံခွန်က မိုးတွင်းကစပြီးကျတာ ၂၀၁၇ ဖေဖော်ဝါရီလောက်အထိ ကျမယ်။ နောက်နှစ်လလောက်ကျဦးမှာပါ။ တော်တော်လည်း များပါတယ်။ မနေ့ကတော့ ရေတံခွန်နဲ့ အောက်ခြေချောင်းတစ်လျှောက် ရေချိုးတဲ့သူတွေ၊ အပန်းဖြေတဲ့သူတွေနဲ့ တော်တော်လေးများပါတယ်။ ဈေးရောင်းလို့လည်း ကောင်းပါတယ်"ဟု အဆိုပါရေတံခွန်ခြေတွင် ဈေးရောင်းချနေသူတစ်ဦးက ပြောသည်။

မိုးပေါက် ကျရေတံခွန်သည် လေ့လာစရာ အပန်းဖြေစရာတစ်ခုဖြစ်နေပြီး ကာလရှည်စီးဆင်းနေသည့် ရေတံခွန်တစ်ခုဖြစ်သည့်အတွက် လည်းကောင်း၊ မြို့နှင့်မဝေးလွန်းသည့်အတွက်ကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုများကြောင့်လည်း အဆင်ပြေစွာ လာရောက်လေ့လာနိုင်သည်။

အဆိုပါရေတံခွန်သို့ သွားနိုင်ရန်အတွက် မန္တလေးနည်းပညာတက္ကသိုလ် ( MTU) အတွင်းမှ ဖြတ်သန်း၍လည်းကောင်း၊ ပြင်ဦးလွင်-မန္တလေး ဖောက်လက်စလမ်းသစ်ကြီးမှလည်းကောင်း တစ်ဖြောင့်တည်းသွားကာ မဟာဗောဓိကျောင်းသို့ အရောက်သွားရမည်ဖြစ်သည်။ ထိုကျောင်းတွင် ဆိုင်ကယ်နှင့် ကားများကို ထားရှိကာ ခြေကျင်ခရီးကို ၁၀ မိနစ်ခန့် တက်ရောက်ပါက ရောက်ရှိမည်ဖြစ်သည်။

**ဖြိုးဝေ(ဆင်တဲ၀)**



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | မိုသျှန်း | ဖတ်လိုက်ကြစို့ | ၁၀၀၀ | ရွှေပေစာအုပ်တိုက် |
| ၂။ | စိမ့်စမ်းဖြူ | မိုးမခအလွမ်း | ၂၅၀၀ | SMART စာပေ |
| ၃။ | မိချမ်းဝေ | ကမာရင်ကွဲနဲ့အခြားပင်လယ်ဝတ္ထုတိုများ | ၂၀၀၀ | မူဝံစာပေ |
| ၄။ | ပါမောက္ခဦးမြင့်စော(ငြိမ်း) | သံဝေဂယူဖွယ် မြေမြတ်မဟာ | ၃၀၀၀ | မူဝံစာပေ |
| ၅။ | ဦးမောင်မောင်ညွန့် | ရှေ့နေလိုက်ပါသူများအက်ဥပဒေ | ၁၀၀၀ | ခရေဖူးစာပေ |
| ၆။ | ဒေါက်တာခင်မောင်လွင် | ရေနိုင်ငံရေး | ၂၅၀၀ | SMART စာပေ |
| ၇။ | သန်းဝင်းလှိုင် | ဒုတိယကမ္ဘာစစ်မှတ်တမ်း | ၂၂၀၀ | အိမ်မက်အသစ်စာပေ |
| ၈။ | ဇင်မျိုး-မြန်မာပြန် | တရုတ်လူ့အဖွဲ့အစည်းကို ဩဇာအလွန် ညောင်းသူ ကွန်ဖြူးရှပ် | ၈၀၀ | စိတ်ကူးချိုချို |
| ၉။ | ဦးထွန်းဖေ (ဖဆပလဝန်ကြီးဟောင်း) | အဘယ့်ကြောင့် ပါလီမန်ဒီမိုကရေစီ ကျဆုံးရသလဲ (ဘာကြောင့်ကျွန်တော် နုတ်ထွက်ရသလဲ) | ၃၂၀၀ | စိတ်ကူးချိုချို |
| ၁၀။ | မောင်စင်ကြယ် | လေထီးဆင်းသမ္မတကြီး မန်းဝင်းမောင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၁။ | | ၂၀၁၄ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ | ၁၀၀၀ | ခရေဖူးစာပေ |
| ၁၂။ | ဝေလွင်မောင် | နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၃။ | ဗန်းမော်တင်အောင် | အနုစကြဝဠာနှင့်မဟာစကြဝဠာ | ၂၂၀၀ | စိတ်ကူးချိုချို |
| ၁၄။ | MA Thida | PRISONER OF CONSCIENCE | ၂၆၀၀ | |
| ၁၅။ | လှကျော်ဇော | ဆင်းရဲခြင်းလွတ်ကင်းအောင်နှင့်ဘဝအတွေ့ အကြုံစာစုများ | ၂၀၀၀ | နေရီရီစာပေ |
| ၁၆။ | လွန်းထားထား (ဆေးတက္ကသိုလ်) | သူ့ပခုံးထက်က တက်တူးလေး | ၂၅၀၀ | တံခွန်တိုင်စာပေ |
| ၁၇။ | မင်းရိုးယဉ် | ကိုတံငါရေချိုးအင်း-ရသစုံဝတ္ထုတိုများ | ၁၈၀၀ | ကောင်းထွန်းစာပေ |
| ၁၈။ | ဒေါ်အောင်ဆန်းစုကြည် | ဒီမိုကရေစီဆိုင်ရာလူငယ်ပညာပေး ဟောပြောချက်များ | ၁၀၀၀ | ဂျာနယ်လစ်စာပေ |
| ၁၉။ | ဦးဖေသိန်း | ရွှေဥဒေါင်း(ဆရာကြီးရွှေဥဒေါင်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) | ၂၀၀၀ | သဟဇာတစာပေ |
| ၂၀။ | မောင်ဝဏ္ဏ | ဒုက္ခကိုမြိန်ရေယှက်ရေခံစားနေသော | ၃၀၀၀ | ငါတို့စာပေ |
| ၂၁။ | အရှင်မနောဟရ (မြစကြာ) | စာကြည့်တိုက်သမားရဲ့စကားလက်ဆောင် | ၂၀၀၀ | စာနဒီစာပေ |
| ၂၂။ | The Key | စာစဉ် (၄၇) ဖရန့်ခ် လွိုက်ဒ်ရိုက်ထ် | ၁၅၀၀ | thekey collection |
| ၂၃။ | The Key | စာစဉ် (၄၈) မာရီ အန်တွိုင်းနက် | ၁၅၀၀ | thekey collection |
| ၂၄။ | ဝဏ္ဏမာလာ | ခေတ်သစ်ဇီဝက ကုထုံးနှင့်ပျောက်စေဆရာ | ၃၀၀၀ | ဂန္ထဝင်ပညာအိမ် |
| ၂၅။ | ကလောင်စုံ | တကယ်လုပ်နိုင်တယ် | ၂၈၀၀ | စာပေခရီးသွားစာပေ |
| ၂၆။ | ဗန်းမော်သိန်းဖေ | ဂျက်မားနှင့် အလီဘာဘာ | ၂၅၀၀ | ပဥ္စင်္ဂစာပေ |
| ၂၇။ | ကိုလေး(၇၄) | လူညံ့ရွေးတာတော်ပြီးလူတော်ရွေးတာညံ့နေ လို့မဖြစ်ပါ | ၂၅၀၀ | သင်းစာပေ |
| ၂၈။ | Peter Kap | အခြေခံဂီတသီအိုရီ | ၃၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၉။ | | မြတ်ဗုဒ္ဓပရိတ်တော်များနှင့်တန်ခိုးထက်မြတ် သော ဂါထာတော်များ | ၂၅၀၀ | စာပေလောက |
| ၃၀။ | ကျွန်းစဉ်မြေစောခက် | တွင်းကောက်ရှာသောမြွေများနှင့်အခြားဘဝ ရသဝတ္ထုတိုများ | ၂၀၀၀ | ဘဝပင်လယ်စာပေ |
| ၃၁။ | အံ့မောင် | ကဗျာဝိုင်းနှင့်ရွတ်ဆိုဆရာ | ၂၀၀၀ | စိမ်းရောင်စုံစာပေ |
| ၃၂။ | သန်းလွင်(CEO ) | ရေကြောင်းအင်ဂျင်နီယာဖြစ်ရတာ ကျေနပ်တယ် | ၃၀၀၀ | Ocean Blue စာပေ |
| ၃၃။ | နိုင်ပန်းသာ | မွန်လူမျိုး တိမ်ကောခြင်းနှင့် ပြန်လည် ရှင်သန်လာခြင်း | ၁၅၀၀ | သင်းစာပေ |
| ၃၄။ | ဦးကျော်လင်း | ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး ခေတ်မီကွန်ကရစ်နည်းပညာ | ၃၇၀၀ | ရွှေကံ့ကော်စာပေ |
| ၃၅။ | သက်အောင် | စက်ဖြတ်ခရီးသည် | ၃၀၀၀ | ဓမ္မအလင်းအိမ်စာပေ |
| ၃၆။ | မလေး | မီရှယ်ဖူးကိုး၏လိင်သဘာဝသမိုင်း | ၃၅၀၀ | ဝါးလည်စာပေ |
| ၃၇။ | ထွန်းမြင့်(မာန်အောင်) | ရင်ထဲကညေဝတီ | ၂၀၀၀ | အဝေရာစာပေ |
| ၃၈။ | နတ်ရွာမိုး | ဂေါ်လီ | ၁၈၀၀ | အောင်မြင်စာပေ |
| ၃၉။ | ကြည်ဝင်း | မချမ်းဘောမြို့ဝင်တောလားနှင့် အခြားဝတ္ထုတိုများ | ၃၀၀၀ | ရှင်မတောင်စာပေ |

**ဆက်လက်ဖော်ပြပါမည်**

# မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ဂျပန်-မြန်မာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်နိုင်ရန် ရည်ရွယ်လျက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန်အတွက် မြန်မာသံရုံး တိုကျိုနှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်းကာ တိုကျိုမြို့ရှိ United Nations University ရှိ ဦးသန့်ခန်းမ၌ ကျင်းပခဲ့ပြီး ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၃၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်စင်က အဖွင့်အမှာစကား ပြောကြားခဲ့ကာ အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ် Mr.Masataka Fujita က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ယင်းအပြင် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မြန်မာ့ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် စီးပွားရေးမူဝါဒများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ခင်မြင့်က မြန်မာနိုင်ငံ၏ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းများအခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Panel Discussion အနေဖြင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန္ဒာဦး၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ခင်မြင့်၊ Nippon Steel & Sumikin Bussan Corporation မှ Mr. Koichi Inoue၊ Japan External Trade Organization မှ Mr. Toshihiro Mizutani နှင့် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်မှုလီမိတက်၊ CEO Mr. Takashi Yanai တို့မှ သီလဝါအထူးစီးပွားရေးဇုန်တိုးတက်မှု၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွေ့အကြုံများ၊ ဘဏ္ဍာရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ မြန်မာ့စီးပွားရေးအနာဂတ် မျှော်မှန်းချက်များကို ဆွေးနွေးခဲ့သည်။

(၀၀၁)

# ၂၀၁၇ ခုနှစ် ကိုရီးယား-မြန်မာ ပြည်တွင်းလူမှုအထောက်အကူပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းထူးချွန်ဆု တောင်ကိုရီးယားနိုင်ငံ ကုမ္ပဏီနှစ်ခုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော ကိုရီးယားကုမ္ပဏီများသည် ပြည်တွင်း လူမှုအထောက်အကူပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း (MOTIE-MOPF CSR) ထူးချွန်ဆုကို POSCO E&C၊ SEOGWOO E&C နှင့် မြန်မာနိုင်ငံဂျပန်သံရုံးက ချီးမြှင့်သော CSR ထူးချွန်ဆုကို SMK International တို့မှ ဆုများအသီးသီးရရှိခဲ့သည်။ အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (MOPF)နှင့် ကိုရီးယားနိုင်ငံ ကုန်သွယ်ရေးစက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန(MOTIE) တို့ ပူးပေါင်း၍ ကိုရီးယားကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ Kotra မှ ကြီးမှူးကာ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ဒီဇင်ဘာ ၁၃ ရက် ညပိုင်းက ကျင်းပခဲ့သည်။

ဆုများပေးအပ် ချီးမြှင့်ရခြင်းမှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော ကိုရီးယားကုမ္ပဏီများသည် လူမှုအထောက် အကူပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်၍ ကူညီထောက်ပံ့မှုလုပ်ငန်းများအား အဆင့်မြှင့်တင်ရန်နှင့် ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားလာစေရန် ရည်ရွယ်သည်။

"အခုကကတော့ CSR နဲ့ ပတ်သက်လာရင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုလုပ်ငန်းတွေကို ဘယ်သူက ဘယ်လောက်လုပ်ပေးနိုင်ခဲ့လဲဆိုတဲ့ အခြေခံအချက်ပေါ်မူတည်ပြီး နှစ်နိုင်ငံကတာဝန်ရှိသူတွေ အကဲဖြတ်ရွေးချယ်ခဲ့တာပါ။ အခုလိုပေးအပ်ခြင်းက မြန်မာနိုင်ငံမှာ စီးပွားရေးလာလုပ်ရုံ သက်သက်မဟုတ်ဘူး၊ သူတို့ရရှိတဲ့ အသားတင်အမြတ် အနည်းဆုံး တစ်ရာခိုင်နှုန်းကို လူမှုအကျိုးပြုလုပ်ငန်းတွေမှာသုံးဖို့ တခြားနိုင်ငံတွေကပါ နမူနာယူကြမယ်။ ဒါဆိုရင် သူတို့ပေးလာမယ့် လူမှုရေးဆိုင်ရာ အကူအညီအထောက်အပံ့တွေကို ကျွန်တော်တို့ ပြည်သူတွေအများကြီး ရလာနိုင်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။



အဆိုပါအခမ်းအနားကို ကိုရီးယား-မြန်မာနှစ်နိုင်ငံပူးပေါင်း၍ တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်ကျင်းပခဲ့ရာ DAEWOO International နှင့် LG Electronics တို့မှရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် SAMSUNG Electronics နှင့် The Industrial Bank of Korea တို့မှ ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နိုင်ငံပေါင်း ၄၁ နိုင်ငံရှိပြီး ကိုရီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ စီမံကိန်း ၁၁၆ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၄၂၉ သန်းကျော်ဖြင့် အဆင့် ၆ နေရာတွင် ရပ်တည်ခဲ့သည်။ နိုဝင်ဘာလကုန်တွင် စီမံကိန်း ၁၁၇ ခုဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၄၃၃ သန်းကျော်အထိ တက်လာကာ United Kingdom ကိုကျော်၍ အဆင့် ၅ နေရာသို့ ရောက်ရှိခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချိုကိုဟန်**

# မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းငါးဦးကို မုံရွာခရိုင်ကော်မရှင်အဖွဲ့ခွဲမှ စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်

**မုံရွာ ဒီဇင်ဘာ ၁၅**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပါတီငါးခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်းငါးဦးကို မုံရွာခရိုင်ကော်မရှင်အဖွဲ့ခွဲမှ စိစစ်ခြင်းကို ယနေ့ နံနက် ၁၁ နာရီက မုံရွာခရိုင် ကော်မရှင်အဖွဲ့ခွဲရုံးတွင် ပါတီငါးခုမှ ကိုယ်စားလှယ်လောင်းငါးဦးနှင့်အတူ ပါတီအဖွဲ့ဝင်များ၊ အခြားလေ့လာသူများရှေ့တွင် ပွင့်လင်းမြင်သာစွာ ပြုလုပ်ခဲ့သည်။

"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကို ၂၀၁၇ ခု ဧပြီလ ၁ ရက်နေ့မှာ စတင်ကျင်းပမှာဖြစ်တဲ့အတွက် အမည်စာရင်းတင်သွင်းလွှာကို ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထားလက်ခံခဲ့တာပါ။ အမည်စာရင်းတင်သွင်းလာတဲ့ ကိုယ်စားလှယ်ငါးဦးကို ဒီဇင်ဘာ ၁၂ ရက်ကနေ ၁၈ ရက်အထိ စိစစ်နေတာဖြစ်တဲ့အတွက် ဒီနေ့ဒီဇင်ဘာ ၁၅ ရက်မှာ ကိုယ်စားလှယ်လောင်းငါးဦးနဲ့ မျက်နှာချင်းဆိုင် ခေါ်ယူတွေ့ဆုံတာဖြစ်ပါတယ်"ဟု မုံရွာခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်အေးက ပြောသည်။

မုံရွာမြို့နယ် ပြည်သူ့မဲဆန္ဒနယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ကိုယ်စားလှယ်လောင်းငါးဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးညွန့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဒေါက်တာဝင်းမြင့်အောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးစိန်မောင်၊ ပြည်သူ့ဒီမိုကရေစီပါတီမှ ဒေါက်တာသန်းထိုက်ဦးနှင့် အမျိုးသားတိုးတက်ရေးပါတီမှ ဦးညွန့်လှိုင်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်း ဦးဆောင်၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများ စုစုပေါင်း ၂၇ ဦးနှင့် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများတက်ရောက်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အဆင်ပြေ ချောမွေ့ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရေ၊ မြေထာဝစဉ်သန့်ရှင်းစေဖို့ ကြွပ်ကြွပ်အိတ် သုံးစွဲမှု ရပ်ကြစို့

# ပုဂံငလျင်ကြောင့် ထိခိုက်ပျက်စီးသော စေတီ၊ ပုထိုးများအနက် ၂၂၄ ဆူကို စတင်ပြုပြင်လျက်ရှိပြီး ပါဝင်လှူဒါန်းနိုင်

၂၀၁၆ ခုနှစ် ဩဂုတ်လတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ပုဂံဒေသရှိ စေတီ၊ ပုထိုး ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ အနုပညာတန်ဖိုး၊ ဗိသုကာလက်ရာတန်ဖိုး ကြီးမားသည့် ဘုရားကြီးများဖြစ်သည့် ပထမအဆင့် ၃၆ ဆူနှင့် ဒုတိယအဆင့် ၅၃ ဆူ စုစုပေါင်း ၈၉ ဆူကို နိုင်ငံတော်မှဦးစီး၍ ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အနီးကပ်ပူးပေါင်းမှုဖြင့် တစ်ဆူချင်း ထပ်မံစစ်ဆေး အချိန်ယူကာ ပြုပြင်သွားမည်ဖြစ်ကြောင်း၊ သာမန်နှင့် အသေးစား ထိခိုက်ပျက်စီးသော တတိယအဆင့် အဆူ ၃၀၀ အနက်မှ ထပ်မံစိစစ်ရန် လိုအပ်သော ၇၆ ဆူအား အသေးစိတ်ထပ်မံစိစစ်နိုင်ရန် ခေတ္တချန်လှပ်၍ ကျန်ထိခိုက်ပျက်စီးမှုနည်းပါးသော စေတီ၊ ပုထိုး ၂၂၄ ဆူအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါ စေတီ၊ ပုထိုးများသည် ယခင်လှူဒါန်းထားသည့် အလှူရှင်များရှိသဖြင့် ၎င်းတို့ကို ဦးစားပေးလှူဒါန်းခွင့်ပြုမည်ဖြစ်ပြီး ယခင်အလှူရှင်များအနေဖြင့် မိမိတို့လှူဒါန်းခဲ့သော စေတီ၊ ပုထိုးများပျက်စီးမှု ရှိ/မရှိ သိရှိလိုပါက Ministry of Religious Affairs and Culture. Facebook တွင်ဖြစ်စေ၊ Archdept Npt. Facebook တွင်ဖြစ်စေ ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း၍ဖြစ်စေ စုံစမ်းနိုင်ပါကြောင်း၊ ၂၀. ၁၂. ၂၀၁၆ ရက်နေ့ နောက်ဆုံးထားကာ ထပ်မံလှူဒါန်းလိုခြင်း ရှိ/မရှိ ဆက်သွယ်မေးမြန်း အကြောင်းပြန်ကြားပေးရန်ဖြစ်ပါကြောင်း၊ ဆက်သွယ်လာမှုမရှိပါက ၂၀. ၁၂. ၂၀၁၆ ရက်နေ့မှစ၍ လှူဒါန်းလိုသည့် အခြားအလှူရှင်များအား လက်ခံသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန် အသိပေးနှိုးဆော်အပ်ပါသည် -

| | ခန့်မှန်း ကုန်ကျစရိတ် တွက်ချက်မှု | စေတီ၊ ပုထိုး |
|---|---|---|
| (၁) | ကျပ် (၃)သိန်းမှ (၁၀)သိန်းအတွင်း | ၁၂၀ ဆူ |
| (၂) | ကျပ် (၁၁)သိန်းမှ (၂၀)သိန်းအတွင်း | ၈၂ ဆူ |
| (၃) | ကျပ် (၂၁)သိန်းမှ (၃၀)သိန်းအတွင်း | ၁၄ ဆူ |
| (၄) | ကျပ် (၃၅)သိန်း | ၅ ဆူ |
| (၅) | အလှူခံရန် မလိုအပ်သော ဘုရားများ | ၃ ဆူ |

**ဆက်သွယ်မေးမြန်းလှူဒါန်းရန်ဌာနများ**

- ဦးဇော်ဇော်ထွန်း၊ ညွှန်ကြားရေးမှူး
(စီမံ/ ဘဏ္ဍာဌာနခွဲ)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၄၁၈ ၊ ၀၉-၇၉၉၁၁၆၀၀၉

-ဒေါ်ဥမ္မာအောင်၊ ညွှန်ကြားရေးမှူး
ရန်ကုန်ဌာနခွဲ ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ဖုန်း-၀၁-၅၁၅၀၇၄၊ ၀၉-၄၉၂၁၁၂၀၀၊

-ဦးအောင်အောင်ကျော်၊ ညွှန်ကြားရေးမှူး
(ပုဂံဌာနခွဲ)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ဖုန်း-၀၆၁-၆၀၅၅၆၊ ၀၉-၄၄၄၀၄၇၁၂၃

-ဦးစိုးတင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး
ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့
ဖုန်း-၀၆၁-၆၀၂၆၁၊ ၆၀၂၆၂၊ ၀၉-၄၄၂၀၀၃၀၁၂

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၅**

| | | |
|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၅၉၀၀၀ - | ၈၅၉၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၅၉၀၀၀ - | ၈၅၉၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၅ ကျပ်၊ | ၆၈၀/၆၉၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၈၀/၇၂၀ ကျပ်၊ | ၈၁၀/၈၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၇၂၀/၇၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၁၀/၇၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၁၃. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၅. ၅၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၇. ၈၀၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၃၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၀၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၄၇. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၂၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၇. ၈၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၃၅. ၄၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရွှေပြည်တန် ပညာရေးကွန်ရက်(Shwe Pyi Tan Education Network )မှ ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းနှင့် အာဟာရကျွေးမွေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု သဲဖြူ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Shwe Pyi Tan Education Network (CEO) ဦးသိန်းထွေးက ရွှေပြည်တန် ပညာရေးကွန်ရက်အနေဖြင့် နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းနှင့် အာဟာရကျွေးမွေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည့်အခြေအနေများနှင့် လိုအပ်ချက်ရှိနေသည့်စာသင်ကျောင်းများကို ဦးစားပေးဆောင်ရွက်ပေးနေသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှတင့်က အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းအတွက် ရွှေပြည်တန် ပညာရေးကွန်ရက်မှ လှူဒါန်းသည့် ဆိုလာပြား၊ အင်ဗာတာနှင့် ဆက်စပ်ပစ္စည်းများကို




ဆရာကြီး ဦးမျိုးဇော်သိန်းထံ ပေးအပ်သည်။

ဆက်လက်၍ Shwe Pyi Tan Education Network (CEO) ဦးသိန်းထွေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီတို့က ကျောင်းသား ကျောင်းသူများထံ သင်ထောက်ကူပစ္စည်းများနှင့် အာဟာရဖြည့်အစားအစာများကို ပေးအပ်လှူဒါန်းကြရာ**(အပေါ်ပုံ)** မြို့နယ်ပညာရေးမှူး ဒေါက်တာ ရဲညွန့်က Shwe Pyi Tan Education Network (CEO) ဦးသိန်းထွေးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းအောင်(၁၀၇)**

## စုံညီခုံရုံးက အယူခံမှုအမှတ် (၂၂) နှင့်(၂၃) တို့အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်မှ ချင်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ဦးပုန်ဘွေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ချင်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကိုကိုနိုင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၃၈/၂၀၁၅) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးကိုကိုနိုင်က ကျေနပ်မှုမရှိသဖြင့်အယူခံမှုတင်သွင်းလာရာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၂၂/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။ ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးမှ မူလရွေးကောက်ပွဲခုံအဖွဲ့၏ ၁၉-၉-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်ကို အတည်ပြုပြီး အယူခံလျှောက်ထားသူ ဦးကိုကိုနိုင်၏ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအား စရိတ်နှင့်တကွပယ်ကြောင်း၊ တရားစရိတ်ငွေကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)ကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ဦးတိုးရွှေ(ခ) ဒေါက်တာတင်ဌေးအောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဦးစိုးမောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၇/၂၀၁၅)ကို ၂၀၁၆ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးစိုးမောင်က ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၂၃/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။ ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ခုံအဖွဲ့ဝင်များအဖြစ်ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့်စုံညီခုံရုံးမှ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဌေးအောင်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟုဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးစိုးမောင်၏ ကန့်ကွက်လျှောက်ထားလွှာကို စရိတ်နှင့်တကွပယ်ကြောင်း ချမှတ်ခဲ့သည့် မူလရွေးကောက်ပွဲခုံအဖွဲ့(၁)၏ ဆုံးဖြတ်ချက်ကို ဆက်လက်အတည်ပြုလိုက်ပြီး အယူခံ လျှောက်ထားသူ၏ အယူခံမှုကို စရိတ်နှင့်တကွပယ်ကြောင်း၊ တရားစရိတ်ငွေကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်း)ကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအားပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရွေးကောက်ပွဲခုံရုံးများမှဆုံးဖြတ်ချက် (အမိန့်) ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုပေါင်းမှာ ဒီဇင်ဘာ ၁၅ ရက်နေ့အထိ (၄၃) မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး ယနေ့အထိ နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ (၃၈) မှု ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **( သတင်းစဉ် )**

## ၂၀၁၆ခုနှစ်အတွက် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာစွမ်းဆောင်ရည် အကောင်းဆုံးဘဏ်ဥက္ကဋ္ဌဆု ကမ္ဘောဇဘဏ် ဥက္ကဋ္ဌအား ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ ၂၀၁၆ ခုနှစ်အတွင်း ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ထူးချွန်ပြောင်မြောက်စွာ အုပ်ချုပ်စီမံခန့်ခွဲခဲ့ကြသည့် ကမ္ဘာ့တိုက်ကြီးခုနစ်တိုက်မှ ပုဂ္ဂိုလ်ခုနစ်ဦးကိုသာ ရွေးချယ်ပေးအပ်သည့် “Banker of the Year 2016” ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက်တွင် လန်ဒန်မြို့ရှိ London Stock Exchange ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အာရှတိုက်ကိုယ်စားပြု ဘဏ်လုပ်ငန်းဆိုင်ရာ ထူးချွန်ဆု “Banker of the Year in Asia 2016” ဆုကို လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ် ဥက္ကဋ္ဌကို “Banker of the Year in Asia 2016” ဆုရွေးချယ်ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ၁၉၉၄ ခုနှစ် ဘဏ်စတင်တည်ထောင်ချိန်မှ ယနေ့အချိန်ကာလအထိ ခေတ်အဆက်ဆက် နိုင်ငံတွင်း အခက်အခဲများနှင့် စိန်ခေါ်မှုမျိုးစုံကို ဖြတ်သန်းကျော်လွှားပြီး ပကတိ ယနေ့အခြေအနေအထိ တိုးတက်အောင်မြင်လာရန် ဦးဆောင်ပဲ့ကိုင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် လုပ်ငန်းရှင်များကို ငွေအမြောက်အမြားထုတ်ချေး၍ အဓိက ထောက်ပံ့ကူညီပေးနိုင်ခဲ့ခြင်း၊ ယနေ့ ခေတ်သစ် ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင်လည်း နိုင်ငံ၏ အဓိကနေရာမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ပါဝင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာ ဘဏ်ကြီးများ၊ နိုင်ငံတကာ စီးပွားရေး အဖွဲ့အစည်းကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း စသည့် အချက်များကြောင့် ရွေးချယ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း World Finance တွင်ဖော်ပြထားသည်။

ထို့အပြင် ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပါဝင်လာအောင် ပံ့ပိုးထောက်ကူပေးခဲ့ခြင်းဖြင့် အာရှတိုက်၏ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ယနေ့ခေတ် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ ပိုမိုသိရှိထင်ရှားစေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း World Finance ၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အထက်ပါ“Bankers of the Year 2016 ”ဆုများကို အာရှတိုက်မှ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ အပါအဝင် မြောက်အမေရိကတိုက်မှ Citi Bank ၏ CEO Mr. William J Mills၊ အာဖရိကတိုက်မှ Zenith Bank ၏ MD & CEO Mr. Peter Amangbo၊ ဥရောပတိုက်မှ Haitong Bank ၏ CEO Mr. José Maria Ricciardi၊ လက်တင်အမေရိကမှ Grupo Financiero Interacciones ၏ CEO Dr. Gerardo Salazar၊ ဩစတြေးလျတိုက်မှ Westpac ၏ MD & CEO Mr. Brian Hartzer နှင့် အရှေ့အလယ်ပိုင်းမှ Arab National Bank ၏ MD & CEO Dr. Robert Maroun Eid တို့အား World Finance မှ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၀၁၀)**

## Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့အမှု ဆေးကုသမှုမှတ်တမ်းများတင်သွင်းရန် ပြန်လည်ချိန်းဆို

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ အမှုအား ယနေ့နံနက်ပိုင်းက ရုံးထုတ်ခဲ့ပြီး အကျဉ်းထောင် ဆရာဝန်ကိုစစ်ဆေးရန် ချိန်းဆိုခဲ့သော်လည်း သက်သေခံရန် ဆင့်ခေါ်မှုမှ ကင်းလွတ်ခွင့်ပြုရန် အကြောင်းကြားစာပို့လာသည့်အတွက် လာမည့်ရုံးချိန်းတွင် ဆေးကုသမှု မှတ်တမ်းများ တင်သွင်းရန် ပြန်လည်ချိန်းဆိုလိုက်ကြောင်း တာမွေမြို့နယ် တရားရုံးမှ သိရသည်။

“ထောင်ဆရာဝန်ကိုစစ်ဖို့ ဒီနေ့ချိန်းထားတာပါ။ ထောင်ဆရာဝန်မလာနိုင်လို့ မစစ်ဆေးလိုက်ရပါဘူး။ စွပ်စွဲခံရသူ ဦးသန်းထွဋ်အောင်အတွက် ကျန်းမာရေးမကောင်းကြောင်း လျှောက်ထားမှုအပေါ် မျက်မြင်အနေအထားအရ ထောင်ဆရာဝန်ကို စစ်ဖို့ခေါ်လိုက်တာပါ။ အခုလိုမစစ်ဖြစ်တဲ့အတွက် လက်ရှိအခြေအနေအရတော့ နောက်လာမယ့် ရုံးချိန်းမှာ အကျဉ်းထောင်ဆရာဝန်က ဆေးကုသမှု မှတ်တမ်းတင်သွင်းဖို့ပြန်လည်ချိန်းဆိုလိုက်ပါတယ်။ တင်ပြလာတဲ့အပေါ်မှာ ကြည့်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမှာပါ”ဟု အဆိုပါ အမှုနှင့်ပတ်သက်၍ ယနေ့ရုံးထုတ်မှုအပေါ် တာမွေမြို့နယ် တရားသူကြီးက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

အဆိုပါ အမှုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက တရားလိုပြုလုပ်၍ Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့အား ဆက်သွယ်ရေး ဥပဒေပုဒ်မ-၆၆(ဃ) ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး တာမွေမြို့နယ် ရဲစခန်းက နိုဝင်ဘာ ၂၅ ရက်တွင် မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ယင်းနေ့တွင် စွပ်စွဲခံရသူတို့ဘက်မှ အာမခံရရှိရန်လျှောက်ထားခဲ့သော်လည်း နိုဝင်ဘာ ၃၀ ရက် ရုံးထုတ်ရာတွင် အာမခံလျှောက်ထားမှုကို ပလပ်လိုက်သည်။

ဒီဇင်ဘာ ၉ ရက် ရုံးထုတ်ရာတွင် Eleven Media Group CEO ဒေါက်တာသန်းထွဋ်အောင်သည် ချော်လဲပြီး လမ်းမလျှောက်နိုင်ကြောင်း၊ ကျန်းမာရေးလည်း မကောင်းကြောင်း၊ ထို့အပြင် ပုဗ္ဗသီရိမြို့နယ် တရားရုံးတွင်လည်း အာမခံဖြင့် အမှုရင်ဆိုင်နေရဆဲဖြစ်ကြောင်းတို့ကို စွပ်စွဲခံရသူတို့ဘက်မှ လိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က ရုံးတော်သို့ တင်ပြ၍ Eleven Media Group ၏ CEO အတွက် အာမခံရရှိရန် ဒုတိယအကြိမ် ပြန်လည်လျှောက်ထားခဲ့သည့်အတွက် ယနေ့ ရုံးထုတ်ရာတွင် အကျဉ်းထောင် ဆရာဝန်ကို စစ်ဆေးရန် ချိန်းဆိုခဲ့သော်လည်း အကျဉ်းထောင်အတွင်း၌ ဆရာဝန် ခြောက်ဦးသာရှိသည့်အတွက် အရေးကြီး အချုပ်သားများနှင့် နိုင်ငံခြားသား အချုပ်သားများအတွက် ကျန်းမာရေးကို နေ့စဉ်စစ်ဆေးကြည့်ရှုခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို စောင့်ကြည့်၍ ကြည့်ရှုကုသသည့် ဆောင်ရွက်မှုများကို ပြုလုပ်ပေးနေရကြောင်း၊ ထို့အပြင် ၎င်းတို့၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အစားအသောက်များကို သန့်ရှင်းအောင် ဆေးပညာရှုထောင့်မှ နေ့စဉ် စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို ချက်ချင်းစီမံဆောင်ရွက်ပေးနေရသည့်အတွက်ကြောင့် အကျဉ်းထောင်ဆရာဝန်အနေဖြင့် တရားရုံး၌ သက်သေခံရန် ဆင့်ခေါ်မှုမှ ကင်းလွတ်ခွင့်ပြုပါရန် အကြောင်းကြားစာပို့လာကြောင်း အဆိုပါတရားရုံးမှ သိရသည်။

“ဒီနေ့ ထောင်ဆရာဝန်ကို စစ်ရမယ့်နေ့ပါ။ တရားရုံးကလည်း ဆင့်စာပေးပို့ပြီးသားပါ၊ သူတို့ထောင်မှာ အကျဉ်းသားတွေများပြားနေလို့ ဆရာဝန်တွေ အလုပ်တွေများနေတာကြောင့် မလာနိုင်ဘူး။ ကင်းလွတ်ခွင့်ပေးပို့ဖို့ ပြောပါတယ်။ ထောင်ဆရာဝန်ပေးပို့လာတဲ့ စာကိုလည်း ဆရာတို့ကိုပြပါတယ်။ ဌာနဆိုင်ရာတွေမှာ အလုပ်များတဲ့အတွက် ဒီရုံးချိန်းမှာ မလာနိုင်ရင်လည်း ဥပဒေအရ နောက်ရုံးချိန်းကို တောင်းလို့ရတာပဲ။ အခုလို သက်သေမလာနိုင်လို့ ကင်းလွတ်ခွင့်တောင်းတာကိုတော့ ဆရာတို့ အတွေ့အကြုံအရ တစ်ခါမှမဖြစ်ဖူးပါဘူး။ လောလောဆယ်တော့ တရားရုံးရဲ့ အမိန့်အတိုင်း လိုက်နာဖို့ပဲရှိတော့တယ်။ ဆရာဝန်ရဲ့ ထွက်ဆိုချက်တွေကို မျက်နှာချင်းဆိုင် ပြန်မေးခွင့်ပြုတာတွေကိုမရတဲ့အတွက်ကြောင့် တရားမျှတမှု အခွင့်အရေးဆုံးရှုံးပါတယ်” ဟု အဆိုပါ အမှုကိုလိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က မီဒီယာများကို ပြောသည်။

အဆိုပါ အမှုကို ဒီဇင်ဘာ ၂၂ ရက်တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အကျဉ်းထောင် ဆရာဝန်ထံမှ ဆေးကုသမှုမှတ်တမ်းများ တင်သွင်းရန် ချိန်းဆိုထားကြောင်းသိရသည်။

**သတင်း - ဇော်ကြီး(ပဏီတ)**

**○ ဟောင်ကောင်မှ**

မရှိသောကြောင့် မိနစ် ၇၀ ကျော်မှ ဂိုးထပ်ရခဲ့သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ၇၂ မိနစ်တွင် သင်းသင်းယုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးထပ်ပေးလိုက်ရသောကြောင့် ဟောင်ကောင်အသင်း ကစားပုံပိုပျက်သွားပြီး မြန်မာအမျိုးသမီးအသင်း စိတ်ကြိုက်ဖိကစားလာနိုင်ကာ ၇၉ မိနစ်တွင် သင်ဇာချိုကအဝေးကန်ချက်ဖြင့် စတုတ္ထဂိုး ရယူပေးခဲ့သည်။ မြန်မာအသင်းအတွက် ပဉ္စမဂိုးကို ၈၅ မိနစ်တွင် သင်းသင်းယုက သွင်းယူပေးခဲ့သည်။

**သတင်း - ရှိုင်းထက်ဇော်**

## ရိုဂျိုကို ထုတ်ပယ်သင့်သည်ဟု ခရစ္စတယ်ပဲလေ့စ်နည်းပြ အလန်ပါဂျူး ရှုမြင်

မန်ယူနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ပဲလေ့စ်ကစားသမားဇာဟာကို ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့သည့် မန်ယူနောက်ခံလူ ရိုဂျိုကို တိုက်ရိုက် အနီကတ်ပြထုတ်ပယ်ရန်နှင့် ပေါလ်ပေ့ါဘာ သွင်းယူခဲ့သည့် သွင်းဂိုးကိုလည်း ခွင့်ပြုမပေးရန် ဒိုင်ဖြစ်သူ ပေါဆင်ကို ပဲလေ့စ်နည်းပြ ပါဂျူးက တောင်းဆိုခဲ့ကြောင်း မေရာသတင်းဌာနက ဖော်ပြခဲ့သည်။ ရိုဂျိုသည် အဲဗာတန်နှင့် ပွဲစဉ်တွင်လည်း အဲဗာတန်အသင်းမှ ဂိုင်းကို အလားတူကြမ်းတမ်းသည့် ဖျက်ထုတ်မှုပြုခဲ့သေးသော်လည်း ကံကောင်း၍သာ ထုတ်ပယ်မခံရခြင်းဖြစ်သည်။

ပေ့ါဘာသွင်းယူသည့် ဂိုးမှာ မည်သည့်အနေအထားက ကြည့်ကြည့် လူကျွံအနေအထားဖြစ်သည်မှာ ထင်ရှားသလို ခြေစုံပစ်ဝင်သည့် ရိုဂျို၏ ဖြတ်ထုတ်မှုမှာလည်း တိုက်ရိုက်အနီကတ်ပြသင့်သည်ဟု ပါဂျူးက ပွဲအပြီးတွင် ထည့်သွင်းပြောကြားခဲ့သည်။ ပါဂျူးက ဒိုင်ဖြစ်သူ ပေါဆင်အနေဖြင့် ပွဲကစားချိန်အတွင်း မှန်ကန်သည့် ဆုံးဖြတ်ချက်များချနိုင်ပါက ကောင်းမွန်သည့် ပွဲကောင်းတစ်ပွဲဖြစ်လာရန် သေချာကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။

သို့သော် မန်ယူနည်းပြ မော်ရင်ဟိုက ၎င်းအနေဖြင့် စပါးနောက်ခံလူ ဒန်နီရို့စ်၊ ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်တို့၏ ဖြတ်ထုတ်မှုများကို ဆွေးနွေးလိုစိတ်မရှိသလို ရိုဂျို၏ ဖြတ်ထုတ်မှုအကြောင်းကိုလည်း ဆွေးနွေးမည်မဟုတ်ကြောင်း ရိုဂျိုဘက်မှ ကာကွယ်ပြောကြားခဲ့သည်။ ထို့ပြင် မော်ရင်ဟိုက မန်ယူအတွက် အနိုင်ဂိုး သွင်းယူပေးခဲ့သည့် အီဗရာဟီမိုဗစ်ချ်ကို ချီးကျူးစကားဆိုခဲ့သလို ရိုဂျိုမှာလည်း အကောင်းဆုံး ကစားနိုင်သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ရွှိုင်ယန်ဟောဒင်)**






## အိုဇေးလ်နှင့် ဆန်းချက်ဇ်ကို စာချုပ်သစ်ကမ်းလှမ်းမည့်အပြင် ဂီရော့ဒ်နှင့် ကိုကွီလင်ကိုလည်း ထပ်တိုးစာချုပ်ချုပ်ဆိုရန် ပြင်ဆင်

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် အသင်း၏ အားထားရသည့် ကစားသမားများဖြစ်သည့် အိုးဇေးလ်နှင့်ဆန်းချက်ဇ်တို့ကို စာချုပ်သစ်တစ်ရပ်ကမ်းလှမ်းရန်ရှိနေသည့်အပြင် ဂီရော့ဒ်နှင့် ကိုကွီလင်ကိုလည်း စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်အား ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန်ရှိနေခဲ့ပြီး အဆိုပါစာချုပ်ချုပ်ဆိုခဲ့မည်ဆိုပါက အိုဇေးလ်သည် တစ်ပတ်လုပ်ခလစာပေါင် နှစ်သိန်းရရှိမည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် တိုက်စစ်မှူး ဆန်းချက်ဇ်မှာ တရုတ်စူပါလိဂ်မှ တစ်ပတ်လုပ်ခလစာပေါင် လေးသိန်းဖြင့် ကမ်းလှမ်းလာခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းတွင် ဆက်ရှိရန်မသေချာသည့် အနေအထားတစ်ရပ်သို့ ရောက်ရှိနေသည်။

ထို့ကြောင့် အာစင်ဝင်းဂါးအနေဖြင့် တိုက်စစ်မှူး ဂီရော့ဒ်နှင့် ကွင်းလယ်ကစားသမား ကိုကွီလင်တို့ကို စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိပြီး ဂီရောဒ့်၏ စာချုပ်သက်တမ်းမှာ ရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် နောက်ထပ်တစ်နှစ်ထပ်တိုးချုပ်ဆိုရန်ရှိနေခဲ့သည်။ ကိုကွီလင်သည် လက်ရှိတစ်ပတ်လုပ်ခလစာပေါင် လေးသိန်းဖြင့် စာချုပ်သက်တမ်းနှစ်နှစ်ခွဲကျန်ရှိနေသေးပြီး ၂၀၂၁ ခုနှစ်အထိ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

**(ငွေကြယ်)**

## ကာလကြာရှည် အနားယူဖွယ်ရှိတဲ့ မန်စီးတီးကွင်းလယ်လူ ဂန်ဒိုဂန်



မန်စီးတီးအသင်းက ဝက်ဖို့ဒ်အား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် မန်စီးတီးကွင်းလယ်ကစားသမား ဂန်ဒိုဂန် ဒူးအရွတ်ကြော ဒဏ်ရာရရှိခဲ့သဖြင့် လပေါင်းအတော်ကြာ အနားယူရတော့မည်ဖြစ်ကြောင်း မန်စီးတီးနည်းပြဂွါဒီယိုလာက အတည်ပြုပြောကြားခဲ့သည်။ ဂွါဒီယိုလာက ပွဲအပြီးတွင် ဂန်ဒိုဂန် ကာလကြာရှည် အနားယူရတော့မည်ကို အတည်ပြုခဲ့သော်လည်း အချိန်မည်မျှကြာမည်ဆိုသည်ကို အတိအကျ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

ဂန်ဒိုဂန်သည် ဂွါဒီယိုလာ မန်စီးတီးသို့ ရောက်ရှိလာပြီးနောက် ပထမဦးဆုံးခေါ်ယူခြင်းခံခဲ့ရသည့် ကစားသမားလည်းဖြစ်ပြီး ဒေ့ါမွန်အသင်းမှ မန်စီးတီးသို့ ပြောင်းရွှေ့ကြေးပေါင် ၂၁ သန်းဖြင့် ရောက်ရှိလာသူဖြစ်သည်။ ဂန်ဒိုဂန်သည် ပြီးခဲ့သည့်မေလကလည်း အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် ဒူးခေါင်းရိုးနေရာလွဲသွားသဖြင့် ယူရိုပြိုင်ပွဲဝင် ဂျာမနီအသင်းလူစာရင်းတွင် ပါဝင်ခြင်းမရှိခဲ့သလို မန်စီးတီး၏ ရာသီအစပွဲစဉ်များကို လွဲချော်ခဲ့သေးပြီး မိုချန်ဂလာဘတ်အား လေးဂိုးပြတ်ဖြင့် အနိုင်ရသည့် ချန်ပီယံလိဂ်ပွဲစဉ်ရောက်မှသာ မန်စီးတီးအတွက် ပွဲဦးထွက်ဝင်ရောက်ကစားပေးနိုင်ခဲ့သူဖြစ်သည်။ ဂန်ဒိုဂန်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအတွက် ၁၆ ပွဲဝင်ရောက် ကစားပေးထားပြီး သွင်းဂိုးငါးဂိုး သွင်းယူပေးထားနိုင်သည့် ကစားသမားလည်း ဖြစ်သည်။ **(မေလဲ့သင်း)**

## မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

၂၀၁၆ခုနှစ် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ အဖွဲ့ချုပ်အားကစားခန်းမအတွင်း၌ ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲကို နေ့စဉ် နံနက် ၉ နာရီမှစ၍ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုကြေးများကို သတ်မှတ်ချီးမြှင့်သွားမည်ဖြစ်သည်။ အလွတ်တန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း၊ အလွတ်တန်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသောင်း၊ အမျိုးသားတစ်ဦးချင်း အပျော်တန်းနှင့် လူသစ်တန်းပြိုင်ပွဲတွင် ပထမဆု ငွေကျပ်တစ်သိန်း ငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းနှင့် တတိယဆု ငွေကျပ်ငါးသောင်း တို့အပြင် ဆုဖလား၊ ဆွဲပြားများနှင့်အတူ ပြိုင်ပွဲအမျိုးအစားပေါ် မူတည်၍ ချီးမြှင့်မည့် အားကစားပစ္စည်းဆုများတွင် စားပွဲတင်တင်းနစ်ခုံ၊ ဖိနပ်နှင့် တီတီဘောလုံးတို့လည်း ပါဝင်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် တစ်ဦးလျှင်ဝင်ကြေး ငွေကျပ်သုံးထောင်ဖြင့် ဒီဇင်ဘာ ၂၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထားကာ ဦးအောင်ဝင်း(ဖုန်း-၀၉၇၉၇၉၂၉၉၁၉) မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းရမည် ဖြစ်သည်။

**(ကြေးမုံ)**

## ဆန်းဒါးလန်း လာဘ်ကောင်လေးအဖြစ် ပါဝင်ခဲ့တဲ့ ကင်ဆာဝေဒနာရှင် ဘရက်ဒလေလော်ဝါရီ



အသက်ငါးနှစ်အရွယ် ကင်ဆာဝေဒနာရှင် ဘရက်ဒလေလော်ဝါရီက ဆန်းဒါးလန်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လာဘ်ကောင်ကလေးငယ်အဖြစ် ပါဝင်ခဲ့ပါတယ်။ လော်ဝါရီဟာ အသက်ငါးနှစ်သာ ရှိသေးပေမယ့် ဆိုးရွားတဲ့ ကင်ဆာဝေဒနာကို အသက်နှစ်နှစ်ကတည်းက ခံစားခဲ့ရတာဖြစ်ပြီး အမေရိကန်မှာ ကုသခဲ့တဲ့ သူ့ရဲ့ဆေးစရိတ်က ပေါင်ခုနစ်သိန်းအထက် ရှိနေပြီဖြစ်ပြီး အဲဒီထဲက နှစ်သိန်းကို အဲဗာတန်အသင်းက ကျခံခဲ့တာဖြစ်ပါတယ်။ လော်ဝါရီဟာ အဲဗာတန်အသင်းအမာခံ ပရိသတ်တစ်ယောက်ဖြစ်ပြီး ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၃ ရက်ကတင် စေတနာရှင်တွေက ပေးပို့တဲ့ ခရစ္စမတ်ကဒ် ၁၁၀၀၀ ကို လက်ခံရရှိခဲ့ပါသေးတယ်။

သူဟာ ချယ်လ်ဆီးနဲ့ပွဲမှာ ဆန်းဒါးလန်းအသင်းရဲ့ လာဘ်ကောင်လေးအဖြစ် ပါဝင်ခဲ့သလို ပြိုင်ပွဲမစတင်မီ နှစ်ဖက်ကစားသမားတွေနဲ့ သွေးပူလေ့ကျင့်ခန်း ဝင်ရောက်လုပ်ကိုင်ခဲ့သေးပါတယ်။ ဒါပေမယ့် အဲဒီပွဲမှာ ဆန်းဒါးလန်းအသင်းက ဇယားထိပ်က ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့တာကြောင့် လာဘ်ကောင်လေး လော်ဝါရီလည်း ဆန်းဒါးလန်းအသင်းကို ကံကောင်းစေဖို့တော့ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ဘူးလို့ ယူဆရမှာဖြစ်ပါတယ်။ **(ရွှိုင်ယန်ဟောဒင်)**

## အရက်သောက်ပြီးကားမောင်းသည့် ယာယာတိုရေး ဗြိတိန်၌ အကြီးလေးဆုံးသောပြစ်ဒဏ်ပေးခြင်းခံရ

မန်စီးတီးကွင်းလယ်ကစားသမား ယာယာတိုရေးသည် နိုဝင်ဘာ ၂၉ ရက်က လန်ဒန်မြို့၌ တရားဝင်ခွင့်ပြုထားသည့် ပမာဏထက်ကျော်လွန်ကာ အရက်သောက်ကားမောင်းခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့၏ ရပ်တန့်စစ်ဆေးခြင်းကို ခံခဲ့ရပြီး ၁၈ လကြာ ကားမောင်းခွင့်ပိတ်ပင်ခံခဲ့ရသည့်အပြင် ဒဏ်ကြေးငွေအဖြစ် ပေါင် ၅၄၀၀၀ ကိုလည်း ဒဏ်ရိုက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းလယ်ကစားသမား ယာယာတိုရေးအား ၁၈ လ ကားမောင်းခွင့်ပိတ်ပင်ခဲ့သည့်အပြင် ပေါင် ၅၄၀၀၀ ဒဏ်ရိုက်ခဲ့ခြင်းကြောင့် အဆိုပါ ဖြစ်ရပ်သည် ဗြိတိန်၌ အကြီးလေးဆုံးသောပြစ်ဒဏ်ပေးခြင်းဖြစ်နေကြောင်း ဒီဇင်ဘာ ၁၅ ရက်သတင်းများက ဖော်ပြထားသည်။ **(ငွေကြယ်)**

# "ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂-၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃-၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄-၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅-၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |
| ၆။ | ၂၀၁၆-၂၀၁၇ (ကြိုတင်ခွန်) | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းပြီးဖြစ်ပါသည်။ |
| ၇။ | ၂၀၁၇-၂၀၁၈ (ကြိုတင်ခွန်) | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းလျှက်ရှိပါသည်။ |
| ၈။ | ၂၀၁၈-၂၀၁၉ (ကြိုတင်ခွန်) | ၃၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းရန်လျာထားပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ်လီမိတက်" သည် "ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ပြီး၊ ကြိုတင်ခွန်များပေးသွင်းထားရှိခြင်း၊ အခွန်နှင့်ပတ်သက်၍ စနစ်တကျကြိုတင်စီစဉ်ဆောင်ရွက်ထားရှိခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ "ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း" သည်လည်း စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ(၁၁၀.၆၈၂)ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသဖြင့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏ နာယက"၊ "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# တာတမံဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**တာတမံဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တာတမံဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တာတမံ** ဆိုသည်မှာ ရေကိုတားဆီးရန် ၊ ထိန်းညှိရန် သို့မဟုတ် ရေထိန်းရန်အလို့ငှာ တည်ဆောက်ထားသည့် မြေသားနံရံ၊ ရေလျှောင်တမံ၊ တာပေါင်၊ ရေထုတ်ပြွန်၊ ဆိပ်ခံတံတား၊ ကတုတ်တန်း၊ ရေတံခါး၊ အဆောက်အအုံ၊ ရေမှတ်တိုင်၊ မြေအနိမ့်အမြင့် သတ်မှတ်ချက်နှင့် ယင်းတာတမံကို အထောက်အကူပြုသည့် အခြားလုပ်ငန်းများကို ဆိုသည်။

(ခ) **ကန်သင်း** ဆိုသည်မှာ လယ်ယာစိုက်ကွင်းကို ဝန်းရံထားသည့် သို့မဟုတ် ပိုင်းခြားထားသည့် တာရိုးငယ် သို့မဟုတ် တာပေါင်ငယ် တစ်ခုခုကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ တာတမံနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးကို ဆိုသည်။

(င) **ခရိုင်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာခရိုင်အတွင်းရှိ တာတမံနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူးကို ဆိုသည်။

(စ) **မြို့နယ်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ တာတမံနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ဦးစီးအရာရှိကို ဆိုသည်။

(ဆ) **ကျွဲ၊ နွား၊ တိရစ္ဆာန်** ဆိုသည်မှာ ဆင်၊ ကျွဲ၊ နွား၊ မြင်း၊ လား၊ ဝက်၊ သိုးနှင့် ဆိတ်တို့ကို ဆိုသည်။

(ဇ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် တာတမံကျိုးပေါက်ပျက်စီးသည့်အခါ အရေးပေါ်ပြင်ဆင်ရသော လုပ်ငန်းကို ဆိုသည်။

**အခန်း (၂)**

**ရေဘေးကာကွယ်ရေးအရေးပေါ်လုပ်ငန်းများအတွက် လုပ်သားများဆင့်ခေါ်ခြင်းနှင့် စီမံခန့်ခွဲခြင်း**

၃။ ရေဘေးကာကွယ်ထားသော တာတမံတစ်ခုခု ကျိုးပေါက်ပျက်စီးနိုင်သည့် အန္တရာယ်ကျရောက်လျှင် ဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် အောက်ပါတို့ကို လုပ်ကိုင်ဆောင်ရွက်ရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးအား ညွှန်ကြားနိုင်သည်-

(က) ရေဘေးအန္တရာယ်ကျရောက်နိုင်သော တာတမံများကိုကာကွယ်ရန် ရေကင်းစောင့်အဖွဲ့များ ဖွဲ့စည်း၍ တာဝန်ချထားမည့် အစီအစဉ်များ ရေးဆွဲခြင်း၊

(ခ) အရေးပေါ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လုပ်အားပေးနိုင်မည့် ကျန်းမာသန်စွမ်းသော လူစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တောင်းခံခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)ပါ အရေးပေါ်လုပ်ငန်းများအတွက် လုပ်အားပေးဆောင်ရွက်နိုင်မည့် ကျန်းမာသန်စွမ်းသော လူစာရင်းကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုတင်ပြခြင်း၊

(ဃ) အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးပေါ်လုပ်ငန်းများ၌ သုံးစွဲနိုင်သည့် သစ်ပင်၊ ဝါးပင်၊ သစ်သား၊ ဖျာ၊ ဝါးထရံ၊ ကြိုး၊ မြေကြီးသယ်ရန် ဂုန်နီအိတ်နှင့် ပစ္စည်းသယ်ရန်လှေတို့ကို နီးစပ်သော မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် ဝင်းခြံများ အတွင်းသို့ ဝင်ရောက်၍ လက်ရောက်ရယူ အသုံးပြုခြင်းနှင့် ဖယ်ရှားခြင်း။

၄။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် အရေးပေါ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်အားပေးနိုင်မည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုတင်ပြထားသည့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ)ပါ လုပ်အားပေးမည့် လုပ်သားစာရင်းကို ခရိုင်တာတမံအရာရှိထံ ပေးပို့ရမည်။

၅။ ခရိုင်တာတမံအရာရှိ သို့မဟုတ် ယင်းကအာဏာအပ်နှင်းခြင်းခံရသည့် မြို့နယ်တာတမံအရာရှိသည် ရေကင်းစောင့်ရန်နှင့် အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်သားလိုအပ်ပါက ပုဒ်မ ၄ အရ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ပေးပို့သော လုပ်သားစာရင်းတွင်ပါဝင်သည့် လုပ်သားများရရှိရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တောင်းခံရမည်။

၆။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဆင့်ခေါ်ခြင်းခံရသူများသည် မြို့နယ်တာတမံအရာရှိ သို့မဟုတ် ယင်းကအခွင့်အာဏာအပ်နှင်းခြင်းခံရသော ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း လုပ်အားပေးခြင်းဖြင့် ကူညီရမည်။

၇။ (က) လုပ်အားပေးသူများအတွက်လည်းကောင်း၊ ပစ္စည်းကိရိယာများ ရယူသုံးစွဲထားခြင်းအတွက်လည်းကောင်း၊ ပစ္စည်းများ ဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း ကျခံရန်လိုအပ်သည့် ကုန်ကျစရိတ်များကို ခရိုင်တာတမံအရာရှိက ဒေသအလိုက် ဖြစ်ပေါ်နေသည့် အမြင့်ဆုံးဈေးနှုန်းအောက် မနိမ့်သော နှုန်းထားဖြင့် သက်ဆိုင်သူများထံ ဆောလျင်စွာထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသည့် ငွေပမာဏနှင့် စပ်လျဉ်း၍ မကျေနပ်ပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တင်ပြသောကိစ္စရပ်နှင့်စပ်လျဉ်း၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

**အခန်း ( ၃)**

**တားမြစ်ချက်များ**

၈။ မည်သူမျှခွင့်ပြုချက်မရှိဘဲ တာတမံကို တူးဖော်ခြင်း၊ လှေ၊ သစ်ပင်၊ သစ်တုံး၊ ဝါး၊ ဝါးစည်းများကို တာတမံပေါ်တွင်ဖြတ်၍ ဆွဲခြင်းမပြုရ။

၉။ မည်သူမျှတာတမံခိုင်ခံ့မှုကို ပျက်စီးစေရန်ဆောင်ရွက်ခြင်းနှင့် တာတမံကိုအထောက်အကူပြုသည့် အဆောက်အအုံများ ပျက်စီးစေရန် ဆောင်ရွက်ခြင်း မပြုရ။

၁၀။ မည်သူမျှတာတမံပေါ်တွင်လည်းကောင်း၊ တာတမံ၏နယ်နိမိတ်အတွင်းတွင်လည်းကောင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စက်ယန္တရား တစ်ခုခုတည်ဆောက်ခြင်း မပြုရ။

၁၁။ မည်သူမျှ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို တာတမံပေါ်တွင် လွှတ်ကျောင်းခြင်း သို့မဟုတ် စားကျက်ချခြင်း မပြုရ။

၁၂။ မည်သူမျှတာတမံပေါ်တွင် မိုးရေတိုက်စားမှုကာကွယ်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော မြက်ပင်နှင့် ကိုင်းပင်တို့ကို ဖျက်ဆီးခြင်း မပြုရ။

၁၃။ မည်သူမျှတာတမံနှင့်ဆက်စပ်နေသည့် ရေနုတ်မြောင်း သို့မဟုတ် ရေတံခါးကို ပိတ်ပင်တားဆီးခြင်း မပြုရ။

၁၄။ မည်သူမျှခွင့်ပြုချက်မရှိဘဲ တာတမံပေါ်တွင် ယာဉ်များဖြတ်သန်းသွားလာခြင်း မပြုရ။

၁၅။ မည်သူမျှတာတမံကာကွယ်ထားသော ဧရိယာအတွင်း ခွင့်ပြုချက်မရှိဘဲ တာတမံတည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းမပြုရ။

**အခန်း ( ၄)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၁၆။ မည်သူမဆို ပုဒ်မ ၈၊ ၉၊ ၁၀၊ ၁၃ နှင့် ၁၅ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်အောက်မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ပုဒ်မ ၁၁၊ ၁၂ နှင့် ၁၄ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၅)**

**အထွေထွေ**

၁၈။ ပုဒ်မ ၈ မှ ၁၅ ထိပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၀။ The Embankment Act (၁၉၀၉ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

၃။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ကိုအောက်ပါအတိုင်း အစားထိုးရမည် -

(ဇ) ပြည်တွင်းရေကြောင်းဆိုသည်မှာ နိုင်ငံတော်အတွင်းရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနကအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းကြောင်း တစ်ခုခုလည်း ပါဝင်သည်။

၄။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုး ရမည် -

(က) ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၅။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၆။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ ကို ပယ်ဖျက်ရမည်။

၇။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင် ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်းအစားထိုး ရမည်-

(က) ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၈ အရ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ အယူခံခြင်းကိုစိစစ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ခ) ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အီတလီစီးရီးအေရင်ခုန်သံ-၁၇

# အိမ်ကွင်းမှာ ရိုးမားကို အနိုင်ကစားသွားမယ့် ဂျူဗင်တပ်

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်-၁၇ ကို လာမယ့် ဒီဇင်ဘာလ ၁၇၊ ၁၈၊ ၁၉ ရက်နေ့တွေမှာ ဆက်လက်ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ ဂျူဗင်တပ်နဲ့ ရိုးမား၊ လာဇီယိုနဲ့ ဖီအိုရင်တီနာတို့ ဆုံတဲ့ပွဲတွေပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလိုအကြိတ်အနယ်ရှိနိုင်ပါတယ်။

**ရှိုင်း မင်း မင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| အစ်ကာဒီ( အင်တာမီလန်) | -၁၂ဂိုး |
| ဇက်ကို(ရိုးမား) | -၁၂ဂိုး |
| ဘယ်လော့တီ( တိုရီနို) | -၁၁ဂိုး |
| အင်မိုဘီလီ(လာဇီယို) | -၉ဂိုး |
| ဟီဂူအင်(ဂျူဗင်တပ်) | -၉ဂိုး |



**အီတလီစီးရီအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၁၆ | ၁၃ | ၀ | ၃ | ၃၅ | ၁၄ | ၂၁ | ၃၉ |
| ၂ | ရိုးမား | ၁၆ | ၁၁ | ၂ | ၃ | ၃၆ | ၁၆ | ၂၀ | ၃၅ |
| ၃ | အေစီမီလန် | ၁၆ | ၁၀ | ၂ | ၄ | ၂၇ | ၂၀ | ၇ | ၃၂ |
| ၄ | နာပိုလီ | ၁၆ | ၉ | ၄ | ၃ | ၃၂ | ၁၅ | ၁၇ | ၃၁ |
| ၅ | လာဇီယို | ၁၆ | ၉ | ၄ | ၃ | ၂၉ | ၁၇ | ၁၂ | ၃၁ |
| ၆ | အတ္တလန္တာ | ၁၆ | ၉ | ၁ | ၆ | ၂၅ | ၂၀ | ၅ | ၂၈ |
| ၇ | ဖီအိုရင်တီးနား | ၁၅ | ၇ | ၅ | ၃ | ၂၄ | ၁၇ | ၇ | ၂၆ |
| ၈ | တိုရီနို | ၁၆ | ၇ | ၄ | ၅ | ၃၂ | ၂၂ | ၁၀ | ၂၅ |
| ၉ | အင်တာမီလန် | ၁၆ | ၇ | ၃ | ၆ | ၂၄ | ၂၁ | ၃ | ၂၄ |
| ၁၀ | ချီယေဗို | ၁၆ | ၆ | ၄ | ၆ | ၁၆ | ၁၆ | ၀ | ၂၂ |
| ၁၁ | ဆမ်ဒိုးရီးယား | ၁၆ | ၆ | ၄ | ၆ | ၂၀ | ၂၂ | -၂ | ၂၂ |
| ၁၂ | အူဒီးနီးစ် | ၁၆ | ၆ | ၃ | ၇ | ၂၂ | ၂၄ | -၂ | ၂၁ |
| ၁၃ | ဂျီနိုအာ | ၁၅ | ၅ | ၅ | ၅ | ၁၇ | ၁၇ | ၀ | ၂၀ |
| ၁၄ | ကယ်ဂလီယာရီ | ၁၆ | ၆ | ၂ | ၈ | ၂၃ | ၃၇ | -၁၄ | ၂၀ |
| ၁၅ | ဆာစူအိုလို | ၁၆ | ၅ | ၂ | ၉ | ၂၁ | ၂၈ | -၇ | ၁၇ |
| ၁၆ | ဘိုလော့နာ | ၁၆ | ၄ | ၅ | ၇ | ၁၄ | ၂၂ | -၈ | ၁၇ |
| ၁၇ | အမ်ပိုလီ | ၁၆ | ၂ | ၅ | ၉ | ၇ | ၂၄ | -၁၇ | ၁၁ |
| ၁၈ | ခရိုတိုနီ | ၁၆ | ၂ | ၃ | ၁၁ | ၁၄ | ၃၀ | -၁၆ | ၉ |
| ၁၉ | ပက်စ်ကာရာ | ၁၆ | ၁ | ၅ | ၁၀ | ၁၃ | ၂၉ | -၁၆ | ၈ |
| ၂၀ | ပါလာမို | ၁၆ | ၁ | ၃ | ၁၂ | ၁၁ | ၃၁ | -၂၀ | ၆ |

### အမ်ပိုလီ - ကယ်ဂလီယာရီ
**ည ၈း၃၀ (၁၇-၁၂-၁၆)**

အမ်ပိုလီဟာ ရလဒ်ပိုင်းအားနည်းနေပေမယ့်အိမ်ကွင်းမှာ ဖီအိုရင်တီးနား၊ အေစီမီလန်တို့လိုအသင်းကောင်းတွေကို အကောင်းဆုံးရင်ဆိုင် နိုင်ခဲ့တယ်။ ကယ်ဂလီယာရီကလည်း နောက်ပိုင်း ပွဲတွေမှာ အသင်းလိုက်ကစားပုံမဆိုးတာမို့ အမ်ပိုလီအသင်းကို အကောင်းဆုံးရင်ဆိုင်နိုင်မှာပါ။ နှစ်သင်းစလုံးရဲ့ တိုက်စစ်တွေကတော့ ထက်မြက်မှု အားနည်းနေတယ်။ သရေကျနိုင်ပြီး သွင်းဂိုးလည်းနည်းနိုင်တယ်လို့ယူဆမိပါတယ်။

### မီလန် - အတ္တလန္တာ
**ည ၁၁း၃၀ (၁၇-၁၂-၁၆)**

အေစီမီလန်အသင်းက စီးရီးအေအိမ်ကွင်းပွဲ ၈ ပွဲကစားပြီးချိန်မှာ ၆ ပွဲ အနိုင်ရအောင် စွမ်းဆောင်ထားနိုင်သလို တိုက်စစ်ကလည်း ထက်မြက်မှုရှိနေတယ်။ အတ္တလန္တာအသင်းက ခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့် အဝေးကွင်းမှာ အသင်းကြီးတွေနဲ့ရင်ဆိုင်ရတဲ့အခါရလဒ်ကောင်းမွန်ဖို့ ရုန်းကန်ရလေ့ရှိတာမို့ အေစီမီလန်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ အတ္တလန္တာရဲ့ ရှန်းအားကြောင့် အေစီမီလန် ကပ်ပြီးသာနိုင်နိုင်တယ်။

### ဂျူဗင်တပ် - ရိုးမား
**နံနက် ၂း၁၅ (၁၈-၁၂-၁၆)**

ဂျူဗင်တပ်အသင်းဟာအဓိကခံစစ်မှူးတွေ ဒဏ်ရာရရှိနေတာ ကြောင့်ကစားကွက်ပြောင်းလဲအသုံးပြုနေပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်မှုရှိပြီး ဟီဂူအင် ဦးဆောင်တဲ့တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတယ်။ ရိုးမားကတော့ အဝေးကွင်းပွဲအဖြစ် အတ္တလန္တာနဲ့ပွဲမှာခြေစွမ်းပိုင်း အသာစီးရယူနိုင်ခြင်းမရှိခဲ့သလို ရှုံးပွဲတောင်ကြုံခဲ့ရတယ်။ ဂျူဗင်တပ်တို့ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်သလို နိုင်ပွဲလည်းရယူသွားနိုင်ဖို့ရှိပါတယ်။

### ဆာစူအိုလို - အင်တာမီလန်
**ည ၆း၀၀ (၁၈-၁၂-၁၆)**

ဆာစူအိုလိုက နောက်ဆုံးအိမ်ကွင်းပွဲမှာ အမ်ပိုလီကို သုံးဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းသာမန်သာရှိတာကြောင့် အင်တာမီလန်ရဲ့ ဖိအားပေးမှုကို ခံရမှာပါ။ အင်တာမီလန်က အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်မှုရှိပြီးနာပိုလီနဲ့ကစားခဲ့တဲ့ နောက်ဆုံးအဝေးကွင်းပွဲမှာ သွင်းဂိုးမရှိဘဲ ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့် အစ်ကာဒီ၊ ပါရီဆစ်တို့လို တိုက်စစ်ကစားသမားကောင်းတွေရှိနေတယ်။ အင်တာမီလန်ပဲ အဝေးကွင်းမှာနိုင်ပွဲရမှာပါ။

### ချီယေဗို - ဆမ်ဒိုးရီးယား
**ည ၈း၃၀ (၁၈-၁၂-၁၆)**

ချီယေဗိုဟာ အသင်းလိုက်ကစားပုံကောင်းမွန်နေသလိုနောက် ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲနှစ်ပွဲမှာ ရှုံးပွဲမရှိခဲ့ဘဲဂိုးပေးရခြင်းလည်း မရှိခဲ့ဘူး။ ဒါပေမယ့် ချီယေဗိုရဲ့ တိုက်စစ်ကတော့ အားပျော့မှု အနည်းငယ်ရှိနေတယ်။ ဆမ်ဒိုးရီးယား ကလည်း အဝေးကွင်းမှာ ရုန်းကန်ရတတ်တဲ့ အသင်းဖြစ်ပြီး အဝေးကွင်း ၈ ပွဲ ကစားပြီးချိန်မှာနိုင်ပွဲတစ်ပွဲသာရရှိထားသေးတယ် အိမ်ကွင်းအားရှိနေတဲ့ချီယေဗိုအသင်းသာ နိုင်ပွဲရသွားနိုင်တယ်။ ဂိုးပြတ်ဖို့တော့ခက်တယ်။

### နာပိုလီ - တိုရီနို
**ည ၈း၃၀ (၁၈-၁၂-၁၆)**

နာပိုလီအသင်းဟာ နောက်ပိုင်းပွဲတွေမှာ အသင်းလိုက်ကစားပုံ မဆိုးသလိုနောက်ဆုံး အိမ်ကွင်းပွဲမှာ အင်တာမီလန်ကိုတောင် သုံးဂိုးပြတ်နဲ့အနိုင်ယူနိုင်ခဲ့တယ်။ တိုရီနိုအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းလေးပွဲမှာတစ်ပွဲသာနိုင်ပွဲရခဲ့သလိုတိုက်စစ်နဲ့ ခံစစ်ကလည်းအားနည်းတတ်တာကြောင့် နာပိုလီအသင်းကို အခက်တွေ့စေနိုင်ဖို့ ရုန်းကန်ရမှာပါ။ နာပိုလီကသာ နှစ်ဂိုးအသာနဲ့ နိုင်ရသွားနိုင်တယ်။

### ပက်စ်ကာရာ - ဘိုလော့နာ
**ည ၈း၃၀ (၁၈-၁၂-၁၆)**

ပက်စ်ကာရာရဲ့ ခြေစွမ်းပိုင်းအားနည်းနေပေမယ့် အိမ်ကွင်းအားရှိနေတာကြောင့် ဘိုလော့နာအတွက်လည်း ခက်ခဲတဲ့ပွဲဖြစ်လာမှာပါ။ ပက်စ်ကာရာအနေနဲ့ အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ခြင်းမရှိသေးပေမယ့် ၄ ပွဲတိတိ သရေကစားနိုင်ခဲ့တာကိုကြည့်ရင် ခံကစားအား ကောင်းမွန်တာမြင်သာတယ်။ ခြေစွမ်းကောင်းရရှိဖို့ရုန်းကန်နေရတဲ့ ဘိုလော့နာကလည်း တိုက်စစ်ပိုင်းအားနည်းမှုရှိနေတယ်။ ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းပေမယ့် ပက်စ်ကာရာ ကပ်နိုင်သွားဖို့များတယ်။

### အူဒီးနီးစ် - ခရိုတိုနီ
**ည ၈း၃၀ (၁၈-၁၂-၁၆)**

အူဒီးနီးစ်ဟာ အိမ်ကွင်းမှာစွမ်း ဆောင်ရည် အနည်းငယ်အား နည်းတယ်ဆိုပေမယ့် နောက်ဆုံးအိမ်ကွင်းပွဲမှာ ဘိုလော့နာကို အနိုင်ကစားနိုင်ခဲ့တယ်။ အူဒီးနီးစ်ရဲ့တိုက်စစ်ပိုင်း အနည်းငယ်အားနည်းပေမယ့် ခံစစ်ကတော့ကစားပုံမဆိုးဘူး။ ခရိုတိုနီက အဝေးကွင်းပွဲ ၈ ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတဲ့အထိ ခြေစွမ်းပိုင်းအားနည်းတာကြောင့် အူဒီးနီးစ်ကို ယှဉ်နိုင်ဖို့ခက်တယ်။ ခရိုတိုနီရဲ့တိုက်စစ်က လည်းအဝေးကွင်းမှာ ရုန်းကန်ရလေ့ရှိတယ်။ အူဒီးနီးစ်သာနိုင်ရမယ်။

### ဂျီနိုအာ - ပါလာမို
**နံနက် ၂း၁၅ (၁၉-၁၂-၁၆)**

လက်ရှိခြေစွမ်းပိုင်း ကောင်းမွန်သလို နောက်ဆုံး အိမ်ကွင်းပွဲမှာ ဂျူဗင်တပ်ကိုတောင် အနိုင်ယူနိုင်တဲ့အထိကစားပုံမာကျောခဲ့တဲ့ ဂျီနိုအာကို ပါလာမိုအသင်းယှဉ်နိုင်ဖို့ခက်တယ်။ ဂျီနိုအာရဲ့တိုက်စစ်ကလည်း အိမ်ကွင်းမှာ ဂိုးသွင်းခြေရနေတယ်။ ပါလာမိုကတော့ အဝေးကွင်းလေးပွဲဆက်ရှုံးပွဲကြုံခဲ့ရသလို တိုက်စစ်နဲ့ခံစစ်ကလည်းအား နည်းနေတယ်။ အိမ်ရှင် ဂျီနိုအာအသင်း တစ်ဂိုးအသာနဲ့ အနိုင်ရသွား မယ်လို့သုံးသပ်မိတယ်။

### လာဇီယို - ဖီအိုရင်တီနား
**နံနက် ၂း၁၅ (၁၉-၁၂-၁၆)**

လာဇီယိုရဲ့ အိမ်ကွင်းရလဒ်ပိုင်းမဆိုးပေမယ့် နောက်ဆုံးအိမ်ကွင်းပွဲမှာ ရိုးမားကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပြီး ရှုံးပွဲကြုံခဲ့ရတာကြောင့် ကစားပုံကောင်းမွန်တဲ့ ဖီအိုရင်တီနားကို လာဇီယိုဖိအားပေးနိုင်ဖို့ရုန်းကန်ရမှာပါ။ ဖီအိုရင်တီနားက အဝေးကွင်းမှာ ခံစစ်ပိုင်း အားနည်းတတ်ပေမယ့် ဒီအားနည်းချက်ကို လာဇီယိုအသင်းအသုံးချနိုင်ဖို့ ခက်တယ်။ ဥရောပပွဲတွေရပ်နားထားချိန်မှာ စီးရီးအေကို အာရုံစိုက်ကစားလာမယ့် ဖီအိုရင်တီနား အသင်းကပ်နိုင်သွားနိုင်တဲ့ပွဲပါ။



## ဒီပိုင်းကို ခေါ်ယူဖို့ ရိုးမားချိတ်ဆက်နေဟု သတင်းများထွက်ပေါ်

ရိုးမားအသင်းသည် မန်ယူအသင်းတွင်နေရာပျောက်နေသည့် တောင်ပံတိုက်စစ်မှူး ဒီပိုင်းကို လာမည့် ဇန်နဝါရီလအတွင်း ခေါ်ယူရန်ရှိနေသော်လည်း ကွင်းလယ်လူ စတုတ်မန်ကိုမူ ထုတ်ရောင်းလိမ့်မည် မဟုတ်ကြောင်း အီတလီမှလာသော သတင်းရင်းမြစ်များက အခိုင်အမာဖော်ပြသည်။ ရိုးမားအသင်းသည် လာမည့် ဇန်နဝါရီလအတွင်း အာဖရိကဖလားပွဲရှိခြင်းကြောင့် မိုဟာမက်ဆာလာကို နိုင်ငံအသင်းအတွက်စေလွှတ်ပေးရမည်ဖြစ်ရာ ဆာလာ၏နေရာတွင် ဒီပိုင်းကို အစားထိုးရန် ချိတ်ဆက်လာခြင်းဖြစ်သည်။

ရိုးမားသည် ဒီပိုင်းအတွက်ပြောင်းရွှေ့ကြေး ယူရို ၂၄ သန်းအထိ ပေးချေရန်ရှိနေပြီး မန်ယူအသင်းဘက်မှ ထုတ်ရောင်းမည်၊ မရောင်းမည်ဆိုသည်မှာ မန်ယူနည်းပြ မော်ရင်ဟို၏ ဆုံးဖြတ်ချက်အပေါ်တွင် မူတည်နေကြောင်း သိရသည်။ ဒီပိုင်းအား ဖီနာဘာချီမှလည်း အငှားဖြင့် ခေါ်ယူရန် ချိတ်ဆက်နေမှုများရှိနေသော်လည်း ရိုးမားအသင်းက ဒီပိုင်းကို ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်အတွင်း ခေါ်ယူနိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။ မန်ယူအသင်းသည် ဒီပိုင်းအားခေါ်ယူစဉ်က ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ပေးချေခဲ့ရရာ ရိုးမားမှ ဒီပိုင်းအတွက် ကမ်းလှမ်းလာသည့် ငွေကြေးပမာဏမှာ မန်ယူအသင်း လက်သင့်ခံနိုင်သည့် ပမာဏဖြစ်ကြောင်းလည်း သိရသည်။

**(မေလွဲသင်း)**

# ကျောက်ဖြင့်ပြုလုပ်သော အမှတ်တရပစ္စည်းများဈေးနှုန်းချိုသာ၍ဝယ်ယူသူများ

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာအနီးရှိ ကျောက်စိမ်းစေတီမြတ်ကြီး၏ ဈေးတန်းတွင် ရောင်းချနေသော ကျောက်ဖြင့်ပြုလုပ်သော အမှတ်တရလက်မှုပစ္စည်းများ ဈေးနှုန်းချိုသာ၍ ဝယ်ယူသူများပြားသလို အရောင်းဆိုင်များလည်း များပြားကြောင်းသိရသည်။

"ယခုချိန်က ခရီးသွားရာသီဆိုတော့ ကျောက်စိမ်းဘုရားမှာ ဘုရားဖူးတွေ နေ့စဉ်များပြားတဲ့အတွက် ဒီကျောက်နဲ့ပြုလုပ်တဲ့ပစ္စည်းတွေ ဝယ်ယူသူများပြားပါတယ်။ ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပုတီး၊ ကျောက်ဆွဲကြိုးနဲ့ အခြားကျောက်ဖြင့်ပြုလုပ်သော အခြားပစ္စည်းများလည်း ရောင်းချပါတယ်။ ဈေးနှုန်းကလည်း ကျပ် ၅၀၀ ကနေ ကျပ် ၈၀၀၀ အထိဆိုတော့ လူတန်းစားမရွေး ဝယ်ယူနိုင်တာပေါ့။ ဈေးနှုန်းချိုသာတော့ အမှတ်တရဝယ်ယူသူများပါတယ်။ ရောင်းချသူတွေ နေ့တွက်ကိုက်ရုံလောက်ပါပဲ" ဟု ကျောက်စိမ်းစေတီတော် ဈေးဆိုင်တန်းမှ ဆိုင်ရှင်တစ်ဦးက ပြောပြ၍ သိရသည်။

ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီးအား မြန်မာမှု အရည်အသွေးမြင့် ကျောက်စိမ်း အနုပညာလက်ရာများ လေ့လာနိုင်သလို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိရာ ကျောက်ဖြင့်ပြုလုပ်သော အမှတ်တရလက်မှုပစ္စည်းများလည်း ဝယ်ယူသူများပြားကြောင်း သိရသည်။

**သန်းဇော်မင်း( ပြန်/ဆက်)**



# မူးယစ်ဆေးဝါးအန္တရာယ် ဟောပြော၊ ပြခန်းယာဉ်ဖြင့် ပညာပေးခြင်းများဆောင်ရွက်

**မိုင်းဖြတ် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် တာချီလိတ်မြို့ မူးယစ်တပ်ဖွဲ့စု ၃၀ မှ ရဲအုပ် အောင်ကျော်စိုး ဦးစီးသောအဖွဲ့သည် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက အ-ထ-က(မိုင်းဖြတ်) ရှိ ရွှေလီဆောင်၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တာချီလိတ်မြို့မှ ရဲအုပ်အောင်ကျော်စိုးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များနှင့် ပြစ်မှုပြစ်ဒဏ်များကို Power Point ဖြင့် ရှင်းလင်းဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်ဆိုင်ရာများကို မေးမြန်းဆွေးနွေးချက်အား ပြန်လည်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး(ကျိုင်းတုံ)မှ ရဲမှူးကြီးသက်လွင်၏ လမ်းညွှန်မှုဖြင့် မိုင်းဖြတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်ဦးစီးသော မူးယစ်အထူးတပ်ဖွဲ့ (ကျိုင်းတုံ)မှ ရဲအုပ်လှိုင်လင်းထွန်းနှင့်အဖွဲ့၊ တာချီလိတ်မြို့ မူးယစ်တပ်ဖွဲ့စု(၃၀)မှ ရဲအုပ်အောင်ကျော်စိုးနှင့်အဖွဲ့၊ တာချီလိတ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်ဇော်ညွန့်နှင့် အဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီးချစ်ရန်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်းပါဝင်သောအဖွဲ့များသည် အသိပညာပေးယာဉ်ဖြင့် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ အ-ထ-က(ဟိုနား) ကျောင်းရှေ့တို့နှင့် အ-ထ-က(မိုင်းဖြတ်)ကျောင်း ရှေ့တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်နှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ ဆောင်ရွက်ရေးနှင့် မှုခင်းကျဆင်းရေးပြခန်းယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းရှင်းလင်းပြသဆောင်ရွက်ခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၆၅၀ ခန့်က တက်ရောက် လေ့လာ၍ သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးမှုများအား တာဝန်ရှိသူတို့မှ ပြန်လည်ရှင်းလင်းပေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ဆောင်ရွက်



**မြိုင် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် The Community Chert of Korea တို့၏ ထောက်ပံ့မှုနှင့်အတူ မြိုင်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ပူးပေါင်းဆောင်ရွက်ခဲ့သော ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ခြင်း စီမံချက် အောင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် သင်းမကျေးရွာအုပ်စု သင်းမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းမှုမြှင့်တင်ခြင်းစီမံချက်မှ ရေသန့်အရာရှိ ဦးအောင်ထွန်းက မိတ်ဆက်စကားပြောကြားပြီး မြိုင်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးတင်မောင်လွင်က စီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများ၊ ရည်မှန်းချက်များ၊ အောင်မြင်အောင် ဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း The Community Chert of Korea နှင့် သင်းမကျေးရွာနေ ပြည်သူလူထုတို့အား ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးလက်နေပြည်သူများကို ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ပေးခြင်းတို့ကြောင့် ပြည်သူများ ကျန်းမာရေးနှင့်ပတ်သက်၍ သိရှိသဘောပေါက် လိုက်နာဆောင်ရွက်ကြမှုများကို တွေ့ရှိရခြင်းကြောင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သင်းမ အ-လ-က ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ပြိုင်ပွဲ၊ လက်ဆေးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းအောင်ပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ခြင်း စီမံချက်မှ စီမံချက်မန်နေဂျာ ဦးစောနေဦးကဲ၊ ညွှန်ကြားရေးမှူး ဒေါက်တာ ဆုလဲ့မွန်၊ ရေသန့်ကျွမ်းကျင် ဒေါ်မာလာဝင်း၊ ရေသန့်အရာရှိ ဦးအောင်ထွန်း၊ ပေါက်မြို့နှင့်မြိုင်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ ကျေးရွာပြည်သူလူထုများ စုစုပေါင်း ၅၃၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

# ကျောက်ကြီးမြို့တွင် မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ ပညာပေးဟောပြော

**ကျောက်ကြီး ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသ အ-ထ-က ကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲ၌ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာ များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စာဖတ်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများအကြောင်း ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြသည်။ ထို့နောက် တိုင်းရင်းဆေးကုဌာနမှ ကျေးရွာပြည်သူများအား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ပြန်/ဆက်**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် အစီအစဉ်အရ ပင်လုံမြို့၌ စက်ဘီးစီးပွဲကျင်းပ

**လွိုင်လင် ဒီဇင်ဘာ ၁၅**

၂၀၂၀ ပြည့်နှစ်အရောက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် (၁၃)မြို့နယ်မှ တန်ခိုးကြီးဘုရား၊ စေတီများနှင့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ၊ နိုင်ငံခြားသားများ လာရောက်လည်ပတ်သည့် နေရာများအားလုံးတွင် ဆေးလိပ်ငွေ့ကင်းစင်နေရာများ ဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းရန် လိုအပ်ချက်များဖြင့် (Smoke – free Shan State)ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အစီအစဉ်ကို ဂုဏ်ပြုသောအားဖြင့် လွိုင်လင်မြို့နယ်နှင့် ပင်လုံမြို့တို့မှ စက်ဘီးစီး အားကစားသမား ၅၇ ဦးတို့သည် ဒီဇင်ဘာ ၁၄ ရက် နံနက် ၇ နာရီခွဲက ပင်လုံမြို့မဈေးကြီးရှေ့မှ လွိုင်လင်အားကစားကွင်းသို့လည်းကောင်း၊ လွိုင်လင်အားကစားကွင်းမှ ပင်လုံပြည်ထောင်စုကျောက်တိုင်ဝင်းသို့လည်းကောင်း အသွားအပြန် ၁၂ မိုင်ကို စုပေါင်းစက်ဘီးစီးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။



**မိုးလွင်ဦး(လွိုင်လင်)**

# အရာတော်မြို့နယ် စည်ပင်သာယာဈေးအတွင်း FDA ထောက်ခံချက်မရှိသည့် ငရုတ်သီးမှုန့်များ ရောင်းချခြင်း ရှိ–မရှိ စစ်ဆေး

**အရာတော် ဒီဇင်ဘာ ၁၅**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စက်တင်ဘာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ ဈေးကွက်များတွင် ရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်များတွင် ခွင့်မပြုဆိုးဆေးများဖြစ်သော Aflatoxin B1 နှင့် Impurities များ ပါဝင်နေခြင်း ရှိ-မရှိ ဈေးကွက်နမူနာကောက်ယူ၍ ဓာတ်ခွဲစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်အရ ငရုတ်သီးမှုန့်အမှတ်တံဆိပ်အချို့တွင် မှိုဆိပ်တစ်မျိုးဖြစ်သည့် Aflatoxin B1 ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှိုဆိပ်ပါဝင်နေသော ငရုတ်သီးမှုန့်များရောင်းချနေခြင်း ရှိ-မရှိကို မုံရွာခရိုင် အရာတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်အဆင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက အရာတော်မြို့ စည်ပင်သာယာဈေးအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်အဆင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြစ်သော ရဲအုပ်လှငွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်အေးအေးမြင့်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်ခင်မြတ်မူ၊ စည်ပင်သာယာရေးကော်မတီမှ ဒေါ်ထားထားအောင်၊ ဒေါ်ယဉ်မာထိုက်၊ ဦးရန်နိုင်ဝင်းတို့ ပူးပေါင်း၍ ဈေးအတွင်းသို့ Aflatoxin B1 ပါရှိသော အစားအသောက်ထုတ်လုပ်ခြင်း၊ ထောက်ခံချက်ရရှိထားခြင်း မရှိသည့် အမှတ်တံဆိပ်ပါ ငရုတ်သီးမှုန့်များ ရောင်းချခြင်းရှိ-မရှိ စစ်ဆေးခဲ့ကြသည်။

ယင်းနောက် အရာတော်မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ခင်မြတ်မူက ခွင့်မပြုဆိုးဆေးများ၊ Aflatoxin B1 နှင့် Impurities များ၏ ဘေးဥပဒ်အန္တရာယ်များ အကြောင်းကို အသိပညာပေးဆွေးနွေးကာ စားသုံးသူများ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ခွင့်ပြုချက်မပါရှိသော တံဆိပ်များရောင်းချခြင်း မပြုရန်နှင့် မလိုက်နာပါက စားသုံးသူအကာကွယ်ပေးရေးဥပဒေနှင့်အညီ အရေးယူခံရမည့် အခြေအနေများကိုလည်း ပညာပေးဆွေးနွေးခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

# ပုဇွန်မြောင်းကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူများအဆင်ပြေ

**ညောင်လေးပင် ဒီဇင်ဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ထင်ရှားသော လက်မှုပညာလုပ်ငန်းတစ်ခုဖြစ်သည့် ပုဇွန်မြောင်းကျေးရွာ အိုးလုပ်ငန်းမှာ ယခုအခါ ထွက်ကုန်များအား ဒေသအသီးသီးမှ မှာယူသူများပြားပြီး မိသားစုတစ်နိုင်တစ်ပိုင် အိုးလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်လျက်ရှိသော မိရိုးဖလာလုပ်ငန်းတစ်ခုဖြစ်သည့် အိုးလုပ်ငန်းကို ဆွဲဒလွဲကျေးရွာအုပ်စု ပုဇွန်မြောင်းကျေးရွာ အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့်အိုးဖိုပိုင်းတို့တွင် အိမ်တိုင်း၌ လုပ်ကိုင်လျက်ရှိပြီး သဲအိုး၊ ရေအိုးနီ၊ သောက်တော်ရေအိုး၊ ဘုရားပန်းအိုး၊ ပေါင်းချောင်အိုး၊ ပန်းစိုက်အိုး၊ ဖျဉ်းအိုး၊ ခွက်ဝင်အိုး၊ မယ်ဒန်အိုး၊ မော်ဒယ်အိုး(ပန်းရိုက်အိုး)၊ နှင်းပုလဲအိုး၊ စုဘူး၊ ရေတကောင်းနှင့် ကလေးကစားစရာ အိုးပုတ်များထွက်ရှိကာ အနီးအနား မြို့ပေါ်နှင့် ကျေးရွာများသာမက ပဲခူး၊ ကျောက်တခါးနှင့် ဝေါမြို့နယ်တို့အထိ ကျယ်ပြန့်စွာအသုံးပြုလျက်ရှိပြီး ဒေသအသီးသီးက မှာယူသူများပြားလျက်ရှိသည်။



ကုန်ကြမ်းအသုံးပြုရာတွင် သောက်ရေအိုးအလုံးတစ်ရာအတွက် ရွှံ့စေးမြေလှည်းတစ်စီး ငွေကျပ် ၃၅၀၀၊ သဲ(ငါးအိတ်)အတွက် ငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူရပြီး အညာဒေသထွက် မြေနီတစ်အိတ်လျှင် ကျပ် ၁၅၀၀၀ ရှိသည်။ လုပ်အားခအနေဖြင့် အိုး ၁၀၀ လျှင် ရိုက်ခ ကျပ် ၁၆၀၀၀ ရှိသည်။ ရေတကောင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၊ စုဘူး ၁၀၀ လျှင် ကျပ် ၄၀၀၀ အသီးသီးရှိပြီး ပြုလုပ်ရသည့် အမျိုးအစားပေါ်မူတည်၍ လုပ်အားခများကို သတ်မှတ်ထားသည်။

ဈေးကွက်တွင် သောက်ရေအိုးတစ်လုံးလျှင် အကြီး၊ အသေးပေါ်မူ တည်ပြီး ငွေကျပ် ၇၀၀ မှ ကျပ် ၁၂၀၀ အထိရှိသည်။ စုဘူးတစ်လုံးလျှင် ငွေကျပ် ၂၀၀၊ ရေတကောင်းတစ်ခုလျှင် ငွေကျပ် ၅၀၀ စသည်ဖြင့် အမျိုးအစားအလိုက် ဈေးနှုန်းအမျိုးမျိုးရှိသည်။

ယင်းလက်မှုပညာအိုးလုပ်ငန်းတွင် လူတစ်ဦးလျှင် တစ်နေ့လုပ်အားခ ငွေကျပ် ၄၀၀၀ ခန့်ဝင်ငွေရှိပြီး အိမ်ရှိလူကြီး၊ လူငယ်များပါ အိုးမကွာအိမ်မကွာ လုပ်ကိုင်နိုင်၍ မသန်စွမ်းသူများလည်း အိုးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ် ခံလူးကျေးရွာတွင် မူခင်းအသိပညာပေး ဟောပြော

**စဉ့်ကိုင် ဒီဇင်ဘာ ၁၅**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ခံလူးကျေးရွာတွင် မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းနောင်က မူခင်းကျဆင်းရေးအသိပညာပေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်မြို့ အမှတ် (၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ကျော်စိုးသိန်းက ကျေးလက်နေပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်၊ ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန်၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း လိုက်နာစေရေး အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်သက်ထွန်းဝင်းက လူမှောင်ခိုကုန်ကူးမှုအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဟောပြောပွဲသို့ ကျောက်ဆည်ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းနောင်၊ စဉ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ရှိန်၊ ကျောက်ဆည်မြို့ အမှတ် (၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်စိုးသိန်း၊ မန္တလေးတိုင်းဒေသကြီး အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်သက်ထွန်းဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးဦးဝေမိုးဦးနှင့် ခံလူးကျေးရွာနှင့် လက်ပံချိုင့်ကျေးရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖိုးအောင်(စဉ့်ကိုင်)**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း အမှတ်စဉ်(၅/၂၀၁၆)ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၅**
ကချင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှကြီးမှူး၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းအမှတ်စဉ်(၅/၂၀၁၆)ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်ရှိ အမှတ် (၇၉) စက်မှုလယ်ယာစခန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမောင်မောင်ဆန်းက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်ကြားမည့် ဘာသာရပ်များ၊ သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၂ရက်မှ ၂၃ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ထွန်စက်ကြီးထိန်းသိမ်းပြုပြင်ခြင်း၊ လက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အထွေထွေဘာသာရပ်များကို ပြည်နယ်စက်မှုလယ်ယာဦးစီးမှူး၊ စက်မှုလယ်ယာမြို့နယ်ဦးစီးဌာနမှူး ဦးတင်မောင်ဝင်း၊ ဒုတိယဦးစီးမှူးဦးဝင်းအေးနှင့် ဒုတိယဦးစီးမှူး ဦးဝင်းနိုင်တို့က စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်၊ ကျေးရွာခုနစ်ရွာမှ တောင်သူ ၃၀ တက်ရောက်ကြောင်း သိရသည်။ **မိုးဃးကျ(မြစ်ကြီးနား)**

## မင်းဘူးမြို့နယ်တွင် မိုးစပါးအထွက်နှုန်း စစ်တမ်းကောက်ယူခြင်းနှင့် စံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်သွားမည်

**မင်းဘူး ဒီဇင်ဘာ ၁၅**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးအထွက်နှုန်း စစ်တမ်းကောက်ယူနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မိုးစပါးစစ်တမ်းကောက်ယူခြင်းနှင့် စံကွက်ရိတ်သိမ်းခြင်း (၁၀၅)ကွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းဘူးမြို့နယ်အတွင်း မျိုးကောင်းမျိုးသန့်ပွားများရေးအတွက် စပါးမျိုးစေ့ထုတ်လုပ်သူများအသင်း (Seed Grower Association) တည်ထောင်၍ မနောသုခ ၃၃ ဧက၊ ဆင်းသုခ ဧက ၃၀၊ ရောမင်း ဧက ၂၀ နှင့် ရတနာတိုး ၁၇ ဧက စုစုပေါင်း ဧက ၁၀၀ အား တောင်သူကိုးဦးဖြင့် ဆောင်ရွက်ထားရှိကြောင်း မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။

မင်းဘူးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးရာသီ၌ မိုးစပါးစုစုပေါင်း ၃၈၀၈၄ ဧက စိုက်ပျိုးခဲ့ပြီး ဆင်းသုခ ၁၃၈၄၅ ဧက၊ မနောသုခ ၁၀၇၄၇ ဧက၊ ရတနာတိုး ၁၀၈၉၅ ဧက၊ ရောမင်း ဧက ၂၀၀၀ နှင့် အခြားမျိုးများ ၅၉၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် ဥယျာဉ်ဇင်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၁၉၂ ရှိ တောင်သူဦးစိုးမြင့်၏ ဆင်းသုခမျိုးသန့် စိုက်ခင်းတွင် ၆ ဒသမ ၆ ပေ စံကွက်ရိတ်သိမ်းခဲ့ရာ ပျမ်းမျှအစို ၉၇ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။
**ဖိုးပြည့်**




## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၅**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းရည်မြှင့် သင်တန်း (၃/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်သင်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က အမှာစကားပြောကြားပြီး သင်ခန်းစာများ သင်ကြားပို့ချပေးခဲ့သည်။ စွမ်းရည်မြှင့်သင်တန်း (၃/၂၀၁၆) တွင် သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၂ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက် အထိဖြစ်ကြောင်း သိရသည်။ **ဝတ်ရည်(ကြံခင်း)**



## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ရပ်စောက် ဒီဇင်ဘာ ၁၅**
မြို့ပြနှင့် အလှမ်းကွာဝေးသည့် ကျေးလက်ဒေသရှိ ပြည်သူများကျန်းမာရေးကောင်းမွန်သည့် မိသားစုဘဝများပိုင်ဆိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဒီဇင်ဘာ ၁၁ ရက်က ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ဆပ်သေကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဗထူးတပ်နယ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့မှ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါနှင့် အသည်းအဆီဖုံးရောဂါဝေဒနာရှင် ၄၆၉ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကိုလည်း ဗထူးတပ်မြို့ အမှတ် (၄) တပ်မတော်ဆေးရုံ ခုတင် ၁၀၀ ၌ တက်ရောက်ကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဗထူးတပ်နယ်တွင် စာဖတ်ခြင်းအလေ့အထများ ရှင်သန်လာစေရန် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကိုလည်း ပူးတွဲဆောင်ရွက်ခဲ့ပြီး ကျေးရွာငါးရွာရှိ စာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာများ၊ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၆၇၁)**

ကြော်ငြာ


**NEW MOTION** Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေလျှားသစ်လွင် ခရီးစဉ်

★ တောင်ကြီးခရီးစဉ် Dec;23,24,28
★ အလောင်းတော်ကဿပခရီးစဉ် Dec;28
★ ပုဂံ ခရီးစဉ် Dec;23,24,28
★ မြဝတီ - မဲဆောက်ခရီးစဉ် Dec;23,28
★ မန္တလေး ခရီးစဉ် Dec;23,28
★ ကလော - လှိုင်ကော်ခရီးစဉ် Dec;23,28
★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် Dec;25

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

**ဇော်ရဲနိုင်** Ph : 09 4210 89338, 09 420 125216

မြဝတီ၊ ၂ညအိပ်၊ မဲဆောက်၊ ဘားအံ ... (Dec 23)

ထားဝယ်ရှင်ကိုးရှင် မော်မကန် ... (Dec 23)

ကျောက်ဆည်၊ ကျောက်စိမ်း၊ မန္တလေး၊ စစ်ကိုင်း၊ မြင်းဦးလွှင် (၄)ရက် ... (Dec 30)

**GOLDEN CITY**

*ချောင်းသာ(စား/တည်း/ငြိမ်း) ၃၀၀၀၀/-၊ ၅၀၀၀၀/-DEC-23/30

*တောင်ကြီး၊အင်းလေး၊ပင်းတယ

*မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ

09-450765726,09-454466958

**ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးအဖွဲ့** (ဂုဏ်တော်မိုး)

(၁၄)ည (၁၅)ရက်ခရီးစဉ် — သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊ နယူးဒေလီ၊အာဂရာ(တပ်ချ်မဟာ) + နီပေါလ် ဟိုတယ်(၂)ည

ထွက်ခွာမည့်ရက် 24 Dec / 2 Feb / 21 Mar / 8 Apr

(၇)ည (၈)ရက်ခရီးစဉ် — သံဝေဇနီယ(၄)ဌာန၊သတ္တဌာန(၇)ဌာန + နီပေါလ် 3* & 4* ဟိုတယ်တည်း၊ ဘာစားဘာသောက်(ငြိမ်း) 11 Apr

ဝန်ဆောင်မှုများ - (မြန်မာဘုန်းကြီးကျောင်းတည်း)ခရီးစဉ်တလျှောက်လုံးမြန်မာဘုန်းကြီးကျောင်းများတွင်တည်းခို၍ အာဂရာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုရပါမည်။ နံနက်စာ၊ နေ့လည်စာ၊ ညစာများကို မြန်မာဘုန်းကြီးကျောင်းများတွင်သုံးဆောင်ပါမည်။ တည်းခိုရာတွင် အမျိုးသား၊အမျိုးသမီးခွဲ၍ သီးသန့်တည်းခိုရပါမည်။

အမှတ်(၁၁၉/၁၂၁)၊ပထမထပ်၊လသာလမ်း၊လသာမြို့နယ်၊ရန်ကုန်မြို့။ Tel : 09-5069882,73029315, 01-377351, 377352, 246239

ရန်ကုန်ရုံးခွဲ - Tel : 01-227925, 2300302, 09-257781722

မန္တလေးရုံးခွဲ -Tel : 09-5068857, 2019207, 444026228

ပြင်ဦးလွင်ရုံးခွဲ - Tel : 085-28162,09-772337759, 778293629, 787534591, 442044951, 2044951

E-mail : tour.easygotravel@gmail.com
E-mail : easygotravel.lmd@gmail.com
E-mail : easygotravel.mdl@gmail.com

**2nd Anniversary Sales Promotion**
**(20-Dec. 2016 to 20-Feb. 2017)**

SANGETSU
No.1 Interior Decoration & Housing Materials in Japan

Home Studio
*La Trendy Casa*
by
**Trendy Myanmar Co., Ltd.**

kikusui
Paints & Coating Materials for Interior & Exterior
100% made in Japan

No.7, Mingalar Lane, Bauktaw, Yankin Township, Yankin P.O 11801, Yangon, Myanmar.
Office Tel: +951-400221 Mobile: 09 – 260911992, 09 - 5414522 Email: cts@trendymyanmar.co

မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ခေါင်းလိမ်းဆီ



**ဂုဏ်မြင့်သူ**
**ဆံပင်သန်၊ဆံပင်ပေါက်ဆေး**

- ဆံပင်ပျော့ပျောင်း၍ ဖောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916)၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃)၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၈၁/၀၃၁၆

**နိုင်ငံခြားသားများနေထိုင်ရန်**
အဆင့်မြင့်Condoနှင့် လုံးချင်းအိမ်များ ငှားလိုပါသဖြင့်ပိုင်ရှင်များဆက်သွယ်အပ်နှံနိုင်ပါသည်။
09 420139326 , 09-402726983

**စက်သုံးဆီအရောင်းဆိုင်များရောင်းမည်။**
မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာမြို့(ဒသမ ၂၂ ဧက)နှင့်စဉ့်ကိုင်မြို့(ဒသမ ၅ဧက)တို့တွင် တရားဝင်လိုင်စင်ဖြင့်လက်ရှိဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်(၂)ဆိုင်အား ရောင်းရန်ရှိပါသည်။ ဖုန်း – ၀၉- ၅၁၀၇၀၅၈ ၊ ၀၉- ၇၉၇၅၂၄၆၃၆ ၀၉-၂၆၃၆၂၁၅၀၄ ၊ ၀၉- ၇၈၈၉၀၆၅၆၀

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
ရန်ကုန်-ပဲခူးလမ်းမကြီးအနီး
ကိုရီးယား စက်ရုံဘေး၊
ပေ (၄၀×၆၀)၊ ပေ (၄၀×၁၀၀)
ဓာတ်မြေ... (၃၀၊ ၆၀၊ ၈၀) သိန်း(ညှိနှိုင်း)
၀၉ ၅၂၂၆၆၄၅၉၆၊ ၀၉ ၇၉၅၅၅၈၇၃၃၀

**စက်မှုရုံငှားမည်။**
လမ်းမတန်း၊ ဒုံ(၂)၊ တောင်ဒဂုံ။
09-795568491, 09-791938065




ရန်ကုန် -ရွှေဘဆောင်၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ မင်္ဂလာဂမုန်းပွင့်(လှည်းတန်းစံရိပ်ငြိမ်)၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)၊JCGV (Junction Square)၊JCGV (Junction Mawtin) -နဝဒေး၊ မဟာမြိုင် (အင်းစိန်) ၊ ရွှေဗဟိုရ် (တာမွေ)၊ မြရတနာ ( သာကေတ ) ၊ ကန်သာယာ ( မြောက်ဥက္ကလာ ) ၊ မြဟံသာ(သန်လျင်)၊
မန္တလေး- မင်္ဂလာဒိုင်းမွန်။ JCGV၊ မြို့ဂုဏ်ရောင်

အဆင့်မြင့်ရုပ်ရှင်ရုံများတွင်တာပြိုင်နက်ပြပြီ။

"ရက်မြတ်မင်္ဂလာဆုတောင်းလွှာ"

Win & San Diamonds and Fine Jewelry၏ Managing Director သီဟသုမွေ့သီရိ ဒေါ်စန်းစန်း (၁၅.၁၂.၁၆)တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာအဆင်းလှ၍ ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံကာ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ပြီး သာယာ ချမ်းမြေ့သော ဘဝခရီးလမ်းကို ချစ်သောမိသားစုနှင့်အတူ လျှောက်လှမ်းကာ စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်တပည့်ဝန်ထမ်းများ

Win & San Diamonds and Fine Jewelry (Showroom)
Win & San Diamonds and Fine Jewelry (Factory)
Win & San Diamonds and Fine Jewelry (Junction Mawtin)

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Asia Top မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
Dec 16,23, 28,30 ထွက်မည်
ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖဒေါ (Hotel Package)
09 43164118, 09 421099574, 09 8635520

Dec 23,28, 30 ရက်နေ့တွင် New Year
09 777459075, 09 782868099, 09 456619338

ချမ်းပိုင်သန္တာ
ကျိုက်ထီးရိုး 30000
ချောင်းသာ 35000
Guest House, Air-Con, Package
09444885693, 09444885694

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level I+II & III စာရင်းကိုင် သင်တန်းများ
ခုံနံပါတ်ယူထားနိုင်ပြီ။ Dec - 17 (Sat) စမည်။
LCCI
(၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09 -776349905, 978578325, 01-371741, 240824

London Pearson LCCI (UK)မှအသိအမှတ်ပြုထူးချွန်သင်တန်းကျောင်း
ဒေါ်သုစာဝင်း
Approved Centre
B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)
LCCI 1,2, 3
MYOB & AutoCount
June-2017
Series တန်းခွဲသစ် ကျောင်းအပ်လက်ခံပြီ။
(20.12.2016)
အတွင်းအပ်နှံသူများ
Discount 10%
ခုံနံပါတ် ကြိုယူနိုင်ပြီ
Center-1 အမှတ်(၃၀)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ တာမွေမြို့နယ်(မြလမ်းမှတ်တိုင်)
Center-2 အမှတ်(၁၅၀)၊ တတိယထပ်၊ ဆိပ်ကမ်းသာ(အောက်)၊ ကျောက်တံတားမြို့နယ်။
Ph:09-5029621,09-5402724,01-373030

TOKYO BBQ DINING
MANPUKU



စိတ်လှုပ်ရှားဖွယ်
Promotion အစီအစဉ်များကို
တစ်လတစ်ခါ မထပ်အောင်
စီစဉ်ပေးလျက်ရှိပါသည်။
ဂျပန်စားဖိုမှူးကြီး
MR.Naoki Watanabe
ကိုယ်တိုင် ချက်ပြုတ်စီမံသော
ဂျပန်အသားကင်ဆိုင်
No.(30), Sagawar Street, Dagon Township, Yangon. TEL: 09-970137546, 09-8300426, 09-5046738

၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာသင်သားတိုင်းအတွက်
မကြာမီ ထွက်မည်
EXAM SPECIAL Set (A),(B),(C),(D)
နမူနာစံပြမေးခွန်းနှင့်အဖြေ(၄)စုံ
ကိုယ်စားလှယ်များ မှာကြားနိုင်ပြီ။
ဖြန့်ချိရေး
စာပေတိုက်
အမှတ် (၁၆၇/၁၇၃)၊ အခန်း ၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ ၂၅၆၆၂၁၊ ၀၉၇၈၄၄၂၅၆၆၂၁

NGC
NAING Group Capital Co.,Ltd.



MYANMAR BIGGEST
PROPERTY EXPO (4TH TIME)
16TH TO 18TH DECEMBER
ကျပ်သိန်းပေါင်း
(၂၀၀) မှ (၅၀၀) အထိ
သက်သာမည့်
အထူးအခွင့် အရေး





Visit Our Booth: 9AM ~ 5PM
@Tatmadaw Hall, U Wisara Road, Yangon, Myanmar.
09 9771 22202, 09 9771 22203
www.nainggroupcapital.com marketing@nainggroupcapital.com


Ocean
SUPERCENTER
SUPER SAVER
တန်မှတန်
16th Dec ~ 5th Jan
BEST VALUE PRODUCTS
AND MORE...
New Year New You!
Ks 13,500
11,700
Men Slip On (Shoes)
4,000
Men T-Shirt L/S
Size - M/L
4,500
Men T-Shirt S/S
Size - M/L
Ks 8,600
7,500
Men Polo Shirt S/S
Ks 12,900
11,000
Men Shirt L/S (Stripe)
Ks 18,600
16,500
Men Jacket L/S
Ks 13,900
12,500
Men Shorts
Ks 14,900
14,000
Men Denim Pants
Ks 15,900
14,000
Men Color Pants
35,000
Luggage Size - 24
Men Shirt L/S (Solid)
Ks 11,800
11,000
Men T-Shirt S/S Size-M/L
Ks 4,900
4,000
Men T-Shirt S/S Size-M/L
Ks 4,500
4,000
Men Shirt L/S (Stripe)
Ks 15,900
15,000
Men Color Pants
Ks 21,000
20,000
Men Casual Shoes
Ks 8,600
8,000
Men Shorts
Ks 7,800
8,000
Men Flat Front Dress Pants
Ks 8,900
7,000
Men Slipper
Ks 7,800
7,000
Men Slipper (Size - 7 to 10.5)
Ks 4,500
4,000
Men Sandal
Ks 3,800
3,500
Men Sandal
Ks 10,600
9,500
Ks 13,900
13,500
ACTIVE
Women Blouse S/S
Ks 12,600
11,000
ACTIVE
Women Blouse Q/S
Ks 8,900
8,200
THAILAND
Women Skirt
20% Off
KULLASTRI
Underwear All Items
Ks 17,500
17,000
MA SANDAR
Fabric 3.25Y
Ks 6,500
5,500
THIN PYO MADI
Fabric 2Y
SARANAE
Women Blouse L/S
Ks 8,200
7,500
ACTIVE
Women Blouse Q/S
Ks 14,500
13,500
ACTIVE
Women Blouse Q/S
Ks 14,600
13,500
BE-IN
Women Denim Pants
Ks 11,000
10,500
BE-IN
Women Denim Pants
Ks 11,000
10,500
APRIL
Women Pants
Ks 9,900
9,500
FLEXIBLE
Sling Bag All Items
BUY 1, GET
(Shopping Bag, Calender & Keychain)
ESSENCE
Sling Bag All Items
12% Off
BANANI
Women Shoes All Items
12% Off
CHILLI
Women Shoes All Items
BUY 1, GET
Sandal (FOC)
THAILAND
Women Skirt
Ks 8,200
7,500
Ks 5,500
5,000
CHILD
Night Set (Boy & Girl)
Ks 3,500
3,000
CHILD
Short Set Boy
Ks 4,200
4,000
I LIKE PINK
Toddler Dress 3's
DISNEY
Dress S/S
Ks.10,000
LONG TOWN
Shoes Girl
Ks.8,000
DISNEY
T-Shirt Girl S/S
Ks.7,000
LONG TOWN
Shoes Girl
Ks.8,000
BARBIE
T-Shirt Girl S/S
Ks.5,500
LONG TOWN
Shoes Girl
Ks.8,000
DREAM
T-Shirt Boy S/S
Ks.6,000
MARVEL
T-Shirt Boy S/S
Ks.5,500
KOLA
Shoes Boy
Ks.4,500
POKEMON
T-Shirt Boy S/S
Ks.5,500
SUN SANG
Boots Boy
Ks.4,000
FASHION
Boots Boy
Ks.4,000
Ks 4,900
3,000
Child T-Shirt Boy
Ks 4,900
3,000
Child X'Mas T-Shirt Boy
Ks 3,000
2,500
Hippo & Son T-Shirt Boy
Ks 4,600
4,000
X'Mas Child T-Shirt Boy
Ks 4,200
4,000
Child Dress Girl
Ks 4,600
4,000
Batman Child Sandal Boy
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်းနေ ဦးသန်းထွန်း-ဒေါ်သန်းသန်းထွေး(ကိုသန်းထွန်း ဂျပန်ကားပစ္စည်းရောင်းဝယ်ရေး)
တို့၏ တစ်ဦးသောသား၊ Dr ခင်ရတနာထွန်း၏အစ်ကို

**ဒေါက်တာထူးထူးအောင်**

M.B.,B.S(Ygn);MBA(UTCC)

(ကိုသန်းထွန်း ဂျပန်ကားပစ္စည်းရောင်းဝယ်ရေး)

နှင့်

ဘိုကလေးမြို့၊ မနောသုခလမ်းနေ ဦးမောင်မောင်တာ-ဒေါ်ငွေငွေရီ(မနောမယိဒ္ဓိဆန်စက်+ရတနာသိဒ္ဓိဆန်စက်)
တို့၏ တစ်ဦးတည်းသောသမီး ကိုကျော်ကိုကို-မဝင့်ဝါမောင်၊ ကိုရဲညီညီလင်း-မယုဇနမြင့် တို့၏ညီမ

**ဒေါက်တာဖြူဝင့်သော်**

M.B.,B.S(Ygn);MRCP(Part1)

လက်ထောက်ဆရာဝန်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

တို့၏ ၆-၁၂-၂၀၁၆ရက်တွင် ရန်ကုန်တိုင်း၊ အင်းလျားကန်ဖျားကျောင်းတိုက်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော (မြောင်းမြခရိုင်ဒုတရားသူကြီး) ဒေါ်ငွေငွေအားလည်းကောင်း၊ ၆-၁၂-၂၀၁၆ရက်(အင်္ဂါနေ့)အင်းလျားကန်ဖျားကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦး ဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၁-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ NOVOTEL YANGON MAX HOTEL(Pyay Conference Room)၌ ကျင်းပပြုလုပ်သည့် ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာဦးကြည်စိုးနှင့် ဇနီးဒေါ်သီတာအေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးအေးမြင့်မောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်မေသက်ထွန်းအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး စောင်းတီးခတ်ပေးပါသော ဒေါ်ခေမာသီ၊ မင်္ဂလာပန်းခြင်းကိုင် မဇွန်လင်းရတီ၊ မင်္ဂလာပန်းကြဲ Dr နန်းနေနွယ်ဖုန်းမြင့်၊ မင်္ဂလာပန်းကုံးဗန်းကိုင် Dr ဖြူမင်းသက်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် Dr ခင်ရတနာထွန်း၊ မင်္ဂလာသတို့သားအရံDr မောင်မောင်မျိုးဆက်နှင့် Dr ဟိန်းသူ၊ မင်္ဂလာသတို့သမီးအရံ Dr မိုးပွင့်ဖြူဝင်းနှင့် Dr သက်မေနှင်းဦး၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော သီတဂူ သစ်ခွခြံ၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာ အငှား/အရောင်း ဆိုင်အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်နှင့် အလှဖန်တီးပေးပါသော မေဦးမိတ်ကပ်နှင့် မင်္ဂလာဝတ်စုံအဖွဲ့၊ ပန်းအလှပြင် His & Hers Birdal Botique & Wedding Planning Serviceအားလည်းကောင်း၊ ဓာတ်ပုံနှင့် Videoရိုက်ကူးပေးပါသော Ye Htut Photography နှင့် Naing Lin Visual Artsအဖွဲ့သားများအားလည်းကောင်း၊ NOVOTEL YANGON MAX HOTELဝန်ထမ်းများ၊ ၁၂-၁၂-၂၀၁၆ရက် Western Park Royal (Kandawgyi)၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးဇော်ဇော်အောင်နှင့် Dr နန်းနေနွယ်ဖုန်းမြင့် အားလည်းကောင်း၊ ၁၄-၁၂-၂၀၁၆ ဘိုကလေးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲနှင့် ညနေပိုင်း ရတနာသိဒ္ဓိဆန်စက်ဝင်း၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ အားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagonပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအစီအစဉ်များ အစစအရာရာ အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော နှစ်ဖက်သောဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံး အား လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဒေါက်တာထူးထူးအောင်-ဒေါက်တာဖြူဝင့်သော်**

# အထက(၁)တောင်ငူ မြတ်ဆရာပူဇော်မည်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် နဝမအကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည်အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်၊ နံနက် ၉ နာရီတွင် အထက(၁) နတ်သျှင်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

အပူဇော်ခံ ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများသည် ဖိတ်ကြားစာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဒေါ်ခင်စန်းယု ဖုန်း-၀၉-၅၃၅၀၅၄၉၊ ဦးအေးကျော် ဖုန်း-၀၉-၅၃၅၂၃၃၄၊ ဦးဇော်ဝင်းထွန်း ဖုန်း-၀၉-၅၃၅၁၄၃၈၊ ဦးတင်ဝင်း ဖုန်း-၀၉-၄၃၀၂၇၈၈၉၊ ဦးထွန်းသူရိန် ဖုန်း-၀၉-၅၃၅၁၃၂၂၊ ဦးမောင်မြ ဖုန်း-၀၉-၅၃၅၁၀၇၇၊ ဒေါ်ခင်ငွေ ဖုန်း-၀၉-၅၃၅၀၅၃၉၊ ဒေါ်မော်မော်ဝင်း ဖုန်း-၀၉-၅၃ ၅၀၁၄၃၊ ဦးတင်မောင်မောင်(ရန်ကုန်) ဖုန်း-၀၉-၅၁၄၈၃၁၁၊ ဒေါ်သန်းသန်းငွေ CB Bank (ရန်ကုန်) ဖုန်း-၀၉-၄၃၁၈၉၈၁၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကား မျိုးစုံ
(Alphard/Crown/MarkII/အခန်းတဘုံ/Hiace ၉/၁၃ယောက်စီး ၂၄/၂၆/၃၃/၄၅/၄၃ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာစွာ ငှားရမ်း ဖြင့် ပေးနေပါသည်
Ph: 09795549249, 095418126

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

Jishugakkan Yangon Japanese Center (JYJC)
Jishugakkan Bago Japanese Center (JBJC)
December Promotion
2017 July တန်းအတွက် ကျောင်းလျှောက်မည့်သူများ
December 31 ရက်အတွင်း လာရောက်အပ်နှံပါက Entrance Fee 500,000 Ks မှ 300,000 Ks သာ ပေးသွင်းရပါမည်။
Level အလိုက် Promotion
N-4 (10 လစာ) 609,000 Jp
N-3, N-2 (8 လစာ) 514,500 Jp
Bago အထူး Promotion N-4 (8 လစာ) 514,500 Jp
JYJC (Yangon) 01-504268, 09-43139339 (ကမာရွတ်)
JBJC (Bago) 09-767862682 (နန်းတော်ရာ-ပဲခူး)

icon
fashion complex
FASHION FAIR
BIG SALE
UP TO 50% off
MEN'S AND LADIES' WEAR
Date - 16.12.2016 to 18.12.2016
Venue - Capital Hypermarket (Daw Pone) Promotion Area
Hot Line 09 770 800 070
www.facebook.com/iconfashioncomplex

"အိမ်ငှားနေမည့်အစား အဆင်သင့်အိမ်ဝယ်ယူပိုင်ဆိုင်နိုင်မည့်အထူးအခွင့်အရေး"




နဝဒေးဥယျာဉ်အိမ်ရာနှင့် ရွှေကမ်းသာယာအိမ်ရာ
(၁၀) နှစ်တိုတို
အရစ်ကျငွေပေးချေနိုင်သည့်
အခွင့်အရေး



ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၁၃၊ ၆၅၁၄၃၆၊ ၆၈၅၁၅၉၊ ၀၉-၇၃၁၅၄၄၂၄၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## Notice under Myanmar Companies Act Section 208 (E)

**MYANMAR CORPORATE STRATEGIC ADVISIORY CO., LTD.**

(Voluntarily Winding Up)

Invitation to the Final Meeting

The Final Meeting of "**MYANMAR CORPORATE STRATEGIC ADVISIORY CO., LTD.**" will be held on the following agenda;-

Date : 30.1.2017
Time : 10:00 A.M.
Place : TMI Associates Services Co., Ltd.
#105, Prime Hill Business Square, No (60),
Shwe Dagon Pagoda Road,
Dagon Township, Yangon.
Object : To submit and explain the liquidator's report and returns

All Shareholders are invited to attend.

Daw Kyi Nyein Chan
Liquidator (Attorney at Law)
TMI Associates Services Co., Ltd.
#105, Prime Hill Business Square, No (60), Shwe Dagon Pagoda Road,
Dagon Township, Yangon.


SCG
ကြည်လင်သောအမြင်အာရုံကို မျှဝေခြင်း
Sharing a Brighter Vision
#SharingAlinn
မျက်စိအမြင်အာရုံဆိုတာ ဘဝအတွက် အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုပါ။ မိမိမျက်စိအမြင်ကို ကာကွယ်နိုင်ဖို့ တတ်နိုင်သမျှ လုပ်ဆောင်ပါ။
မျက်စိဆရာဝန်နဲ့ မှန်မှန်ပြသပါ
အသီးနှင့် ဟင်းသီးဟင်းရွက်ပါသော ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကို ရွေးချယ်စားသုံးပါ
အသက်ကြီးသူများမှာ အတွင်းတိမ်ဖြစ်နှုန်းပိုများသည်
ဆေးလိပ်နဲ့ ကွမ်းယာဖြတ်ပါ
အတွင်းတိမ်ကဲ့သို့ မျက်စိရောဂါအကြောင်းများကို သိရှိထားရန် လိုအပ်ပါသည်။
ကွန်ပျူတာနှင့်ဖုန်း အသုံးပြုချိန်ကို ကန့်သတ်ပါ
နေပူထဲထွက်လျှင် နေကာမျက်မှန်တပ်ပါ
သင့်မျက်စိပါဝါ တိကျမှန်ကန်မှုရှိပါစေ
အတွင်းတိမ်သည် ကုသပျောက်ကင်းနိုင်ပြီး ၆-၁၂ မိနစ်ကြာ ကုသခြင်းဖြင့် ဖယ်ရှားနိုင်သည်
မျက်စိစောင့်ရှောက်မှုဆိုင်ရာ သံတမန်အဖြစ် မိမိကိုယ်ကိုခံယူပြီး အသိပညာများကို သင့်မိသားစုနဲ့ သူငယ်ချင်းများကို မျှဝေလိုက်ပါ ။
အတွင်းတိမ်ဆိုသည်မှာ မျက်စိအတွင်းမှန်တွင် မကြည်မလင်ဖြစ်ပြီး မျက်စိအမြင်ကို မှုန်ဝါးစေခြင်းဖြစ်သည်
အတွင်းတိမ်ကုသနည်း လုပ်ငန်းစဉ်များမှာ ပြန်ပွားနိုင်ခြင်းမရှိဘဲ အချိန်တိုအတွင်း ပြန်လည်ကောင်းမွန်နိုင်သည်
ရောဂါလက္ခဏာများမှာ အမြင်မှုန်ဝါးခြင်း၊ အလင်းကို မကြည့်နိုင်ခြင်း၊ အရောင်မှုန်ဝါးခြင်းနှင့် အမြင်ပုံရိပ်များ မသဲကွဲခြင်းတို့ ပါဝင်သည်
၂၀၁၅ နှင့် ၂၀၁၆ တွင် "ကြည်လင်သော အမြင်အာရုံကို မျှဝေခြင်း" အစီအစဉ်မှ မွန်ပြည်နယ်ရှိ မျက်စိအတွင်းတိမ်လူနာ အယောက် ၄၀၀ ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။
ဤအစီအစဉ်သည် SCG ၏လူမှုဝန်းကျင်ကူညီထောက်ပံ့ရေး ကတိကဝတ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။
အသေးစိတ် အချက်အလက်များကို – www.facebook.com/SCGBrandMyanmar တွင် လေ့လာနိုင်ပြီး မျက်စိအမြင်အာရုံဆိုင်ရာ အသိပညာများ မျှဝေခြင်း လှုပ်ရှားမှုတွင် ပါဝင်ရန် #SharingAlinn hashtag ကိုအသုံးပြုပြီး မျှဝေလိုက်ပါ။

ကြော်ငြာ

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄၊ တာဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)

RE GD.

ဓာတ်ငှက်ဖျား သည်းခြေရွက်ဆက်သည့် ကြမ်းရှက်ပုံ ဆေးကောင်း

တွင်းရှက်ပုံတိုင်းရင်းဆေးအား ငည်သည့် မြို့ရွာများကိုမျှ ဖော်ကော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ဝိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD

ဒူးနာ၊ ခါးနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲ အကြောသေနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း

မူးဝေ၊ ရင်တုန်၊ ခက်ကြောတက်လျှင် ရှူ ကမ္ဘာရှင် လေငန်းကာကွယ်လိမ်းဆေးရည်

ကမ္ဘာရှင်

ဆေးရုံကြီးများ ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

FORWARD (YGN)
Travel & Tour Co.,Ltd
ချောင်းသာ နေ့စဉ်
09 259259180
09 259259181
09 259259182

POST ရာထူးဝင်ခွင့်သင်တန်း
နိုင်ငံခြားရေး နှင့် ဦးစီးအရာရှိဝင်ခွင့်များ "အနီးကပ်တန်း"
ကျောက်တံတားမြို့နယ် ဝ၉၄၂၀၁၂၉၃၃၃/၁၆၅(ပထမ)ဆိပ်ကမ်းသာလမ်း

ဦးသူရရှိန် စာရင်းကိုင်သင်တန်းများ
MAS EDUCATION CENTER
ACCA , AAT , LCCI , MYOB
သင်တန်း အားလုံး JAN 7 တွင်စမည်။ ကျောင်းအပ် လက်ခံပါပြီ။
No.(184-186), 2nd floor, 45th St, Botahtaung Tsp. 09-779922385, 09-779922386
No.(106-A), 1st floor, Sanchaung St, Sanchaung Tsp. 09-448005544, 01-705016

EVER UP
EVER UP HUMAN RESOURCES INSTITUTE
IQN International Qualifications Network
Single Subject Diploma in
Human Resource Management
(SCQF Level 7) [4-Months]
Promotion: ပုံမှန်သင်တန်းကြေး ၃၇၀၀၀၀ ကျပ်
ဒီဇင်ဘာ (၂၀) ရက်နောက်ဆုံးထားကျောင်းအပ်ပါက ၃၅၀၀၀၀ ကျပ်
သင်တန်းကြေးကို (၂) ကြိမ်ခွဲသွင်းနိုင်ပါသည်။
Starting Date : 25-12-2016
Time : Sunday 9:00 am to 12:00 pm
Lecturer : U Nyi Nyi Maung (Principal of EVER UP)
ကုမ္ပဏီများအတွက် Management Training များကိုသီးသန့်စီစဉ်ပေးပါသည်။
Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon, Tel : 01-256523, 09 444 777 901~903
Facebook : www.facebook.com/everup33.HRI, E-mail : info@everup33.com

City College STEM School
Program Licensed From
Carnegie Mellon Robotics Academy
Robo matter
City College Yangon



Computer Science
Robotics
Entertainment Technology
